# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၆၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၄-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၆၈ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူ စုစုပေါင်း ၅၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၈

ဦး အနက် ၄၃ ဦးက ယခင်ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၅ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊

(၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၊

(၄) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်၊

(၅) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ၊

(၆) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း၊

(၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊

(၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်၊

(၉) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊

(၁၀) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊

(၁၁) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း၊

(၁၂) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းဦး၊

(၁၄) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ) ဦးတင်ဌေးအောင်နှင့်

(၁၅) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာတွင် ပြည်သူ့စစ်စခန်း ဆောက်လုပ်ရန်နှင့် နေအိမ်ကို ဖျက်သိမ်းစွန့်ခွာပြီး အနစ်နာခံခဲ့သော ဦးမောင်အေး၏ အိမ်မြေနေရာအား ပြန်လည်ပေးအပ်ရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိယဉ်ချမ်း(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာ ပြည်သူ့စစ်စခန်း ဆောက်လုပ်ရန်အတွက် ခေတ္တပေးအပ်ခဲ့တဲ့ အိမ်မြေနေရာအား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊

မရှိနှင့်ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယခုမေးမြန်းတင်ပြတဲ့ကိစ္စဟာ ပုဂ္ဂိုလ်ရေးကိစ္စဖြစ်သော်လည်း မေးမြန်းတင်ပြရခြင်း အကြောင်းအရင်းများမှာ ကျွန်မ ငယ်ရွယ်စဉ် မွေးဖွားခဲ့တဲ့ဒေသမှ ဖြစ်စဉ်တစ်ခုဖြစ်နေ၍ လည်းကောင်း၊ မိသားစုတစ်စုရဲ့ ၃၆ နှစ်ကြာ အနစ်နာခံခဲ့မှုအပေါ် ပြန်လည်၍ ထောက်ထားညှာတာမှု ရရှိစေရန်လည်းကောင်း၊ ၎င်းမိသားစုရဲ့ အကူအညီတောင်းခံချက်များအရလည်းကောင်း၊ ကျွန်မကိုယ်တိုင်တင်ပြခဲ့သော်လည်း တင်ပြချက်ပေါ် မည်သို့မျှအကြောင်းပြန်ကြားချက်မရရှိသဖြင့်လည်းကောင်း အဆိုပါအကြောင်းအရင်းများကြောင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဖြစ်စဉ်အကျဉ်းချုပ်ကို တင်ပြရမယ်ဆိုရင် ဤကိစ္စဟာ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာမှာ ဖြစ်ပွားခဲ့တဲ့ ပြဿနာတစ်ခုဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်ခန့်က ကျေးရွာလုံခြုံရေးအတွက် ပြည်သူ့စစ်စခန်းဆောက်လုပ်ဖို့ အကြောင်းပြချက်ဖြင့် ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာနေ ဦးမောင်အေး၊ ဒေါ်တင်ရီ၊ ဒေါ်အုန်းရီ တို့ပိုင်ဆိုင်တဲ့ အိမ်နေရာကို ခေတ္တတောင်းခံခဲ့ပါတယ်။ အဆိုပါမြေနေရာကို ကျေးရွာလုံခြုံရေးအတွက် ပိုင်ရှင်များက ပေးအပ်ခဲ့ပြီး တစ်ရွာထဲနေ အခြားသူတစ်ဦး၏ နေအိမ်အတွင်း ခွင့်ပြုချက်တောင်းခံလျက် ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါတယ်။ ယခုအခါ ကရင်ပြည်နယ်တွင် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို ရရှိလာပြီဖြစ်တဲ့အတွက် ကျေးရွာရှိတည်ဆောက်ထားတဲ့ ပြည်သူ့စစ်စခန်း မြေနေရာ ၅ ခုရှိသည့်အနက် ၄ ခုကို သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်အပ်နှံခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါတယ်။ သို့အတွက် ကျန်ရှိသည့် ပြည်သူ့စစ်စခန်းမြေနေရာပိုင်ရှင်များဖြစ်ကြတဲ့ ဦးမောင်အေးမိသားစုမှ တာဝန်ရှိသူများထံသို့ ခေတ္တယူခဲ့တဲ့မြေနေရာကို ပြန်လည်ပေးအပ်ရန် တင်ပြတောင်းခံခဲ့ပါတယ်။ သို့ရာတွင် နှစ်ဖက်ညှိနှိုင်းခဲ့ကြသော်လည်း ပြေလည်မှုမရရှိသဖြင့် ကျွန်မကိုယ်တိုင် မြို့နယ်၊ ခရိုင်နှင့် တပ်ရင်းတပ်ဖွဲ့များထံသို့ တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့ တာဝန်ရှိသူများက အဆိုပါမြေနေရာကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ဖို့ ညွှန်ကြားခဲ့သော်လည်း ကျေးရွာတာဝန်ရှိသူ အုပ်ချုပ်ရေးမှူးက ပိုင်ရှင်များအား မူလနေရာကို ရရှိလိုပါက လက်ရှိဆောက်လုပ်ထားတဲ့ ပြည်သူ့စစ်ရုံးအဆောက်အဦနှင့် မီးသတ်ရုံးများကို စရိတ်ကျခံပြောင်းရွှေ့ပေးရမယ်လို့ ပြောဆိုလာသည့်အတွက် ယနေ့တိုင်မပြီးပြတ်နိုင်သေးဘဲ ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျေးရွာလုံခြုံရေးအတွက် ၃၆ နှစ်တိုင်တိုင် နေအိမ်ကို ဖျက်သိမ်းစွန့်ခွာ

ပြီး အနစ်နာခံခဲ့တဲ့ ဦးမောင်အေးတို့၏ မိသားစုဘဝကို နားလည်ခံစားမှုပေးနိုင်ပါသလား။ သက်ဆိုင်ရာ တာဝန်ရှိ တပ်ရင်းတပ်ဖွဲ့မှ ပြန်လည်ပေးအပ်ရန် ညွှန်ကြားခဲ့သော်လည်း ကျေးရွာရှိ တာဝန်ရှိသူ အုပ်ချုပ်ရေးမှူးက ထင်ရာလုပ်နေသည်ကို သိရှိပါသလား။ ညွှန်ကြားချက်ကို လိုက်နာမှု မရှိသည့် တာဝန်ရှိသူအပေါ် မည်သို့အရေးယူပါမည်လဲ။ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရရှိလာပြီဖြစ်သဖြင့် ဦးမောင်အေးမိသားစု၏ အိမ်မြေနေရာကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ။ ပြန်လည်ပေးအပ် နိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွှန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း၏ အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းအား ပြည်သူ့လွှတ်တော်မှ ပေးပို့လာမှုနှင့်ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးကိုယ်စား မိမိဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ မေးခွန်းများကိုသာ ကောက်နုတ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးတဲ့မေးခွန်းများကတော့ (က) ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာတွင် ပြည်သူ့စစ်စခန်းဆောက်လုပ်ရန်နှင့် ကျေးရွာလုံခြုံရေးအတွက် ၃၆ နှစ်တိုင်တိုင် နေအိမ်ကို ဖျက်သိမ်းစွန့်ခွာခဲ့ပြီး အနစ်နာခံခဲ့သည့် ဦးမောင်အေးတို့၏ မိသားစုဘဝကို နားလည်ခံစားမှုပေးနိုင်ပါသလား။ (ခ) သက်ဆိုင်ရာတာဝန်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ပြန်လည်ပေးအပ်ရန် ညွှန်ကြားခဲ့သော်လည်းပဲ ကျေးရွာရှိ တာဝန်ရှိသူ အုပ်ချုပ်ရေးမှူးက ထင်ရာလုပ်နေသည်ကို သိရှိပါသလား။ မည်သို့ အရေးယူပါမည်နည်း။ (ဂ)ဒေသတွင် တည်ငြိမ်အေးချမ်းမှုရရှိလာပြီ ဖြစ်သဖြင့် ယင်းအိမ်မြေနေရာကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းများပဲ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အပိုဒ်(က) အနေနဲ့ တင်ပြရမယ်ဆိုရင် အဆိုပါ ကိစ္စများနှင့် ပတ်သက်ပြီးတော့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်း ဦးစီးမှူး ဗိုလ်မှူးကြီး ဦးစီးအဖွဲ့နှင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာသို့

သွားရောက်မေးမြန်းစိစစ်ခဲ့ရာမှာ မေးခွန်းပါမြေနေရာဟာ တပ်ပိုင်မြေနှင့်ပတ်သက်မှုမရှိဘဲ ပြည်သူ့စစ်စခန်းဆောက်လုပ်ထားသော မြေနေရာဖြစ်ပြီး ယခင်အုပ်ချုပ်ရေးမှူး ဦးမင်းငွေထွန်း အနားယူပြီးတဲ့နောက် ယခုအခါမှာ အုပ်ချုပ်ရေးမှူးအသစ်ဖြစ်သော ဦးမင်းဟန်ပိုသာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိရာ ကျေးရွာမြေယာစီမံခန့်ခွဲမှုကော်မတီဝင် ၅ဦး၊ ရပ်မိရပ်ဖကျေးရွာကော်မတီဝင် ၅ ဦးအဖွဲ့အား တရားဝင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ ကျေးရွာပြည်သူလူထုများနှင့် မြေနေရာကိစ္စများအား ညှိနှိုင်းခဲ့ကြပြီး မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်သွားရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြရာ ကန့်ကွက်သူများမရှိခဲ့ပါဘူး။ အပိုဒ်(ခ)အနေနဲ့ ထပ်မံပြီးတော့ တင်ပြရမယ်ဆိုရင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာပဲ မင်းရွာကျေးရွာမှာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်မြေစာရင်းမှူး ဦးသိန်းဦး၊ ကျေးရွာမြေယာစီမံခန့်ခွဲမှုကော်မတီဝင် ၅ ဦးဖြစ်တဲ့ ဦးမင်းဟန်ပို(ဥက္ကဋ္ဌ)၊ ဦးဖြိုးဇော်သိန်း(မြေတိုင်းစာရေး)(အတွင်းရေးမှူး)၊ ဦးမင်းကိုငယ် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)(အဖွဲ့ဝင်)၊ ဦးမင်းတင်ထွန်း (တောင်သူလယ်သမားကိုယ်စားလှယ်)(အဖွဲ့ဝင်)၊ ဦးနိုင်ခဲ (ကျေးရွာရပ်မိရပ်ဖကိုယ်စားလှယ်)(အဖွဲ့ဝင်)၊ ကျေးရွာရပ်မိရပ်ဖကော်မတီဝင် ၅ ဦးဖြစ်ကြတဲ့ ဦးရွှေထူး၊ ဦးအေးလွင်၊ ဦးအောင်စိုး၊ ဦးလှဆောင်၊ ဦးနိုင်ခဲတို့နှင့်အတူ ကျေးရွာပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူလူထုများနှင့် မြေပိုင်ရှင်မိသားစုများ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် အပိုဒ်(က)နှင့် (ခ)ပါတင်ပြချက်များအရ၊ တွေ့ဆုံညှိနှိုင်းချက်များအရ ပြည်သူ့စစ်စခန်းမြေနေရာ ကွင်းအမှတ် ၂၆၄၊ ဦးပိုင်အမှတ် ၁၇၆-က၊ ဧရိယာ ၅.၇ ဧကအနက် ဧရိယာ ၁.၀၂ ဧကအားမူလမြေပိုင်ရှင်ဖြစ်သော ဦးမောင်အေးထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် ကန့်ကွက်သူမရှိဆုံးဖြတ်ခဲ့ကြပါကြောင်းနှင့် ဆုံးဖြတ်ချက်အရ ၎င်းမြေနေရာ ၁.၀၂ ဧကအား မူလမြေပိုင်ရှင်၏ လက်ဝယ်ထံ ပြန်လည်ရောက်ရှိရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားရင်းနဲ့ ဖြေကြားချက်အား နိဂုံးချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းနှင့်ပြန်လည် ဖြေကြားချက် အပေါ်မူတည်ပြီးတော့ အလျဉ်းသင့်လို့ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချင်ပါတယ်။

လွှတ်တော်မှာ မေးမြန်းတဲ့မေးခွန်း၊ ဖြေကြားချက်များဟာ အစိုးရအဖွဲ့အတွက်နှင့် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းများအတွက် အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များဖြစ်လာကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ထို့အတူ လွှတ်တော်မှာတင်သွင်းခဲ့တဲ့ အဆိုများအောင်မြင်လာပြီ သို့မဟုတ် အဆိုများကိုမှတ်တမ်းတင်လာပြီဆိုရင် ဒီကမှတစ်ဆင့်မူဝါဒဖြစ်လာပါတယ်။ ပြည်သူတစ်ရပ်လုံးအနေနဲ့ ဒီမူဝါဒကို တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုအပ်တဲ့အချိန်မှာ ဥပဒေများအဖြစ်သို့ပြောင်းလဲသွားကြပါတယ်။ ဥပဒေများအဖြစ်ပြဋ္ဌာန်းကြရပါတယ်။ ဒါသည်ပင် လွှတ်တော်ရဲ့ဥပဒေပြုရေးအခန်းကဏ္ဍဖြစ်တယ်ဆိုတာ လွယ်ကူစွာနားလည်နိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့အတွက်၊ ပြည်ထောင်စုအတွက် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များကိုဖော်ဆောင်ခြင်းသည် ပြည်သူများရဲ့မျှော်လင့်ချက်များကိုဖော်ဆောင်ခြင်းဖြစ်၍ ကျန်ရှိနေတဲ့ လွှတ်တော်သက်တမ်းကာလအတွင်းမှာပဲ ယခုလို စေတနာထားကြိုးစားဆောင်ရွက်သွားကြရန်လိုမှာဖြစ်ပါတယ်။ ဒီနေ့ ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာဆန်သော်လည်း ပြည်သူတစ်ဦးရဲ့နစ်နာမှုကို လွှတ်တော်မှာ အခုလိုကြယ်ပွင့်ပြမေးလိုက်တဲ့မေးခွန်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း အရေးတယူဆောင်ရွက်ပြန်လည်ဖြေကြားပေးခြင်းဟာ လွှတ်တော်ရဲ့သဘော၊ လွှတ်တော်ရဲ့အရေးပါအရာရောက်မှုကို အားလုံးသိရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ထဲမှာပြောတဲ့စကား၊ လွှတ်တော်ထဲမှာပြောတဲ့ဆွေးနွေးချက်များဟာ အပြင်မှာပြောနေတဲ့ဆွေးနွေးချက်၊ အပြင်မှာပြောနေကြတဲ့အလုပ်ရုံဆွေးနွေးပွဲနဲ့မတူဘဲနဲ့ လွှတ်တော်မှာ ဆောင်ရွက်နေမှုများဟာ ဥပဒေပြုရေး တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့ဥပဒေကို လူတိုင်းလိုက်နာဆောင်ရွက်ရေးအတွက်ဖြစ်နေတယ်ဆိုတာ သတိပြုဆောင်ရွက်ဖို့နှင့် ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း လွှတ်တော်ရဲ့အချိန်များကိုလေးလေးစားစားဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများရဲ့လိုအပ်ချက်များကို ပြည်သူများရဲ့မျှော်လင့်ချက်များကိုဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မကြာမကြာ လွှတ်တော်ကိုတင်ပြတာရှိပါတယ်။ အများနဲ့ဆိုင်သော ထိရောက်သောမေးခွန်းများ၊ အဆိုများကိုတင်ပြဖို့နှင့် ဒီမေးခွန်းများ၊ အဆိုများဟာလည်းလုံလောက်တဲ့ ဆွေးနွေးမှုရှိလို့ရှိရင် ထပ်မံပြီးတော့ အပိုဆွေးနွေးခြင်းဟာ လွှတ်တော်အချိန်ကိုဖြုန်းတီးရာရောက်သလို ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အခွင့်အရေးကိုလည်း ထိခိုက်စေနိုင်တဲ့အကြောင်း လွှတ်တော်သို့မကြာမကြာ တင်ပြခြင်းဖြစ်ပါတယ်။ ပြန်လည်တင်ပြရမယ်ဆိုရင် လွှတ်တော်ထဲမှာမေးလာတဲ့မေးခွန်း။ မေးခွန်းများအပေါ်ပြန်လည်ဖြေကြားချက်များဟာ အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့များအတွက် အာမခံချက်တွေ၊ ကတိကဝတ်တွေ၊ တာဝန်ခံချက်တွေမှတစ်ဆင့် ဥပဒေတစ်ရပ်ဖြစ်လာပြီး ဒီဥပဒေများ

သည် အားလုံးလိုက်နာရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့အခွင့်အရေးကို မှန်မှန်ကန်ကန်အသုံးပြုပြီး လွှတ်တော်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို မဖြုန်းတီးဖို့ လွှတ်တော်ကိုတိုက်တွန်းအသိပေးလိုပါတယ်။

**တရားရုံးအပေါ် မမှန်မကန်ကျမ်းကျိန်ဆို၍ အမှုကိုရုံးပြောင်းပေးရန်လျှောက်ထားခြင်းနှင့် ကြန့်ကြာနေသောပြစ်မှုဆိုင်ရာအမှုများ အလျင်အမြန်ပြီးစီးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာစွာဖြင့် ပြည်သူတို့၏မျှော်လင့်ချက်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြောင့်မတ်မှန်ကန်တဲ့တရားစီရင်ရေးဖြစ်ဖို့ဆိုတာ တရားသူကြီးတစ်ဦးတည်းနဲ့မဖြစ်နိုင်ပါဘူး။ တရားစီရင်ရေးမှာပါဝင်ပတ်သက်နေကြတဲ့ရဲတပ်ဖွဲ့၊ ဥပဒေအရာရှိ၊ ရှေ့နေကြီးများနှင့် တရားသူကြီးများအားလုံးကတိကျမှန်ကန်စွာဆောင်ရွက်နိုင်ကြမှ ပြည်သူများအားကိုးအားထိုက်ပြုရသော တရားစီရင်ရေးဖြစ်မှာသေချာကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်မှဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော တရားရုံးများ၌ ၄ နှစ်၊ ၅ နှစ်ကြာသည်အထိ မပြီးပြတ်နိုင်သေးသော ပြစ်မှုဆိုင်ရာအမှုများရှိနေကြောင်း ကြားသိနေရပါတယ်။ ဒီလိုကြန့်ကြာနေခြင်းဟာ တချို့သော တချို့သောဆိုရာဝယ် ရှေ့နေအားလုံးကိုဆိုလိုခြင်းမဟုတ်ပါဘူး။ ဆောင်ရွက်တဲ့ရှေ့နေများကိုဆိုလိုခြင်းဖြစ်ပါတယ်။ တချို့သောရှေ့နေများမှပညာပြနေခြင်း၊ အမှုပွဲစားများပါဝင်နေခြင်းတို့နှင့် တချို့တရားခံများသည် တရားရုံးအပေါ်အပြစ်ရှာပြီး လိမ်လည်ကျမ်းကျိန်ဆိုပြီး ရုံးပြောင်းရန်လျှောက်ထားခြင်းတို့သည်လည်း ကြန့်ကြာနေရသည်ကိုကြားသိနေရပါတယ်။ ထိုသို့ကြန့်ကြာနေလျှင် ပြည်သူများအနေဖြင့် နစ်နာမှုများရှိသည့်အပြင် တရားစီရင်ရေးအပေါ် ယုံကြည်ရန်လည်းခက်ခဲပြီး အမှန်တရားနဲ့ပိုမိုဝေးကွာသွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တရားရုံးအပေါ်မမှန်မကန်ကျမ်းကျိန်ဆိုပြီး အမှုကိုရုံးပြောင်းပေးရန်လျှောက်ထားခြင်းမျိုးရှိခဲ့လျှင် ထိုသူများကို ဥပဒေနဲ့အညီ မည်ကဲ့သို့အရေးယူဆောင်ရွက်မည်နှင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ၃ နှစ်အထက်မပြီးပြတ်ဘဲကြန့်ကြာနေသော ပြစ်မှုဆိုင်ရာအမှုပေါင်းမည်မျှရှိသည်ကိုသိရှိလိုပါကြောင်း၊ ၃ နှစ်အထက်မပြီးပြတ်ဘဲ ကြန့်ကြာနေသော ပြစ်မှုဆိုင်ရာအမှုများအလျင်အမြန်ပြီးစီးစေရန် ဥပဒေနဲ့အညီ

မည်ကဲ့သို့စီမံဆောင်ရွက်မည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်းဦးရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ကျွန်တော်ကဖြေကြားသွားမှာဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာ အမှုတွေကိုစစ်ဆေးဆဲတရားရုံးမှာ တရားမျှတပြီးဘက်မလိုက်တဲ့ စုံစမ်းစစ်ဆေးမှုမရနိုင်ဆိုတဲ့ အကြောင်းပြချက်၊ ဒါမှမဟုတ်အထူးခက်ခဲတဲ့ဥပဒေပြဿနာတချို့ပေါ်ပေါက်လာစရာရှိတယ်ဆိုတဲ့ ဒါမှမဟုတ် ပြစ်မှုတစ်စုံတစ်ရာကို ကျေနပ်သည်အထိစုံစမ်းစစ်ဆေးဖို့နှင့် အဲ့ဒီလိုစစ်ဆေးနိုင်ဖို့အတွက် ပြစ်မှုကျူးလွန်တဲ့နေရာ ဒါမှမဟုတ် အနီးနေရာများကို ကြည့်ရှုရန်လိုအပ်တယ်ဆိုတဲ့အကြောင်းပြချက် ဒါမှမဟုတ် ရုံးပြောင်းစစ်ဆေးစေမယ်ဆိုရင် အမှုသည်များ၊ သက်သေများမှာ ယေဘုယျအားဖြင့် အဆင်ပြေစရာရှိတယ်ဆိုတဲ့အကြောင်းပြချက် ဒါမှမဟုတ် တရားဖြောင့်မှန်ရေးအတွက် ရုံးပြောင်း စစ်ဆေးစေတဲ့ အမိန့်တစ်ရပ်ထုတ်ဆင့်သင့်ပါတယ်ဆိုတဲ့ အကြောင်းပြချက်တစ်ရပ်ရပ်အရ အမှု စစ်ဆေးတဲ့တရားရုံးရဲ့အထက်တရားရုံးကို အမှုသည်တစ်ယောက်ယောက်ကကျမ်းကျိန်လွှာနဲ့ ထင်ရှား အောင်အကြောင်းပြလျှောက်ထားလာရင် အထက်တရားရုံးအဆင့်တရားရုံးက စစ်ဆေးဆဲပြစ်မှုကို သင့်လျော်တဲ့တခြားရုံးတစ်ရုံးကို လွှဲပြောင်းစစ်ဆေးစေဖို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အပိုဒ်ခွဲ (၁) အရ အမိန့်ချမှတ်နိုင်ပါတယ်။ ရုံးပြောင်းပေးဖို့လျှောက်ထားတဲ့အမှုသည်က စစ်ဆေးဆဲ တရားရုံးမှာစစ်ဆေးရင် မျှတမှန်ကန်ပြီးဘက်မလိုက်တဲ့စစ်ဆေးစီရင်မှုမရနိုင်ဘူးဆိုတဲ့ အကြောင်းပြ ချက် ဒါမှမဟုတ် တခြားအကြောင်းပြချက်အရ ရုံးပြောင်းစစ်ဆေးစေသင့်တဲ့အကြောင်း ကျမ်းကျိန်လွှာ နဲ့ပူးတွဲတင်ပြရပါတယ်။ အဲ့ဒီလို ကျမ်းကျိန်လွှာနဲ့တင်ပြချက်များနှင့်ပတ်သက်ပြီး မှန်ကန်တဲ့အကြောင်း ကျမ်းကျိန်ဆိုသူကတာဝန်ယူရပါတယ်။ ရုံးပြောင်းလျှောက်ထားချက်ဟာ အခြေအမြစ်မရှိဘဲ

လျှောက်ထားတယ် ဒါမှမဟုတ် တစ်ဖက်ကိုအနှောင့်အယှက်ဖြစ်စေတယ်လို့ တရားရုံးကယူဆရင် လျှောက်ထားသူက လျှောက်ထားခံရသူကို အဲ့ဒီလျှောက်လွှာနဲ့ပတ်သက်ပြီးဆန့်ကျင်ကန့်ကွက်ရတဲ့အတွက် ကုန်ကျစရိတ်ကို လျော်ကြေးအဖြစ်ပေးစေဖို့ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အပိုဒ်ခွဲ (၆) အပိုဒ်ခွဲငယ်(က)အရ အမိန့်ချမှတ်နိုင်ပါတယ်။ တရားရုံးအပေါ်မမှန်မကန်ကျမ်းကျိန်ဆိုပြီး အမှုကိုရုံးပြောင်းလျှောက်ထားပေးဖို့ လျှောက်ထားခြင်းမျိုးရှိခဲ့ရင် မမှန်မကန်ဖော်ပြ ကျမ်းကျိန်ဆိုတဲ့ အကြောင်းစစ်ဆေးပေါ်ပေါက်ခဲ့ရင် ကျမ်းကျိန်ဆိုသူအပေါ်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ သို့မဟုတ် အခြားသင့်လျော်တဲ့ပြစ်မှုဥပဒေတစ်ရပ်ရပ်အရ အရေးယူဖို့အတွက် တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။

၃ နှစ်အထက်မပြီးပြတ်ဘဲ ကြန့်ကြာနေတဲ့ပြစ်မှုဆိုင်ရာအမှုများအနက် အချုပ်တရားခံပါဝင်တဲ့ ၃ နှစ်အထက်ကြန့်ကြာတဲ့အမှုမရှိပါကြောင်းနှင့် အာမခံနဲ့ရင်ဆိုင်နေရတဲ့အမှု ရန်ကုန်မြို့မှာ ၁၉ မှုရှိပြီး မန္တလေးမြို့မှာ ၁ မှုရှိပါကြောင်းတင်ပြအပ်ပါတယ်။ ပြစ်မှုဆိုင်ရာအမှုများစစ်ဆေးစီရင်ရာမှာ သက်သေအရေအတွက်၊ သက်သေလာရောက်နိုင်မှု၊ ပျက်ကွက်မှုတို့အပေါ်မူတည်ပြီး သာမန်အားဖြင့် ၃ လမှ ၁ နှစ်အတွင်းပြီးပြတ်နိုင်ပါတယ်။ ဥပဒေကပေးအပ်ထားတဲ့ အမှုသည်တွေရဲ့အခွင့်အရေးကိုပေးရတဲ့အတွက် ချမှတ်လိုက်တဲ့ကြားဖြတ်အမိန့်များ၊ အာမခံပေးတဲ့အမိန့်၊ အာမခံပယ်တဲ့အမိန့်၊ စွဲချက်တင်တဲ့အမိန့်၊ အမှုတွဲချေဖျက်ပေးဖို့ ရုံးပြောင်းလျှောက်ထားတဲ့ကိစ္စရပ်တွေနှင့်ပတ်သက်ပြီး တစ်ဖက်အမှုသည်တွေကပြိုင်ဆိုင်ပြီး ပြင်ဆင်မှုတွေအလီလီ အထက်တရားရုံးအဆင့်ဆင့်ကိုတက်ရောက်ခြင်းစတဲ့အကြောင်းအချက်တွေအရ အမှုကြန့်ကြာခြင်းမျိုးရှိတာကိုတွေ့ရပါတယ်။ ဥပဒေအရ အမှုသည်တွေရဲ့ခုခံချေပပိုင်ခွင့်နှင့် ဥပဒေနဲ့အညီ အယူခံမှု၊ ပြင်ဆင်မှုတက်ရောက်နိုင်မှုကို တားမြစ်ပိတ်ပင်ပြီး အမှုကိုအမြန်ပြီးပြတ်အောင် တွန်းအားပေးဆောင်ရွက်၍မရနိုင်တာမျိုးလည်း ခြွင်းချက်အားဖြင့်ရှိတတ်ပါတယ်။ တရားရုံးဆိုတာဟာ အမှုကိုမြန်ဆန်ရုံသာမက ဥပဒေအရ မှန်ကန်မှုရှိဖို့လည်းဆင်ခြင်ဆောင်ရွက်ရတဲ့နေရာဌာနတစ်ခုဖြစ်ပါတယ်။ ကြန့်ကြာနေတဲ့အမှုတချို့ဟာ တရားရုံးတစ်ခုတည်းက အာရုံစိုက်ဆောင်ရွက်ရုံနဲ့မပြီးပြတ်နိုင်ဘဲ တရားစီရင်ရေးနဲ့ဆက်စပ် အဖွဲ့အစည်းများဖြစ်ကြတဲ့ သက်ဆိုင်ရာဥပဒေရုံး၊ ရှေ့နေရှေ့ရပ်၊ ဆရာဝန်၊ ဓာတုဗေဒဝန်၊ သက်သေစသူတို့ရဲ့အားတက်သရောပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါတယ်။ အချို့အမှုများမှာ ရပ်ဝေးကသက်သေတွေကိုဆင့်ခေါ်ရာမှာ ဆင့်ခေါ်စာအကြိမ်ကြိမ်အတည်မဖြစ်နိုင်တဲ့အတွက်လည်းကောင်း၊ ရပ်ဝေးကဝန်ထမ်းသက်သေများဆင့်ခေါ်ရာမှာလာရောက်ရန် ကြန့်ကြာရတဲ့အကြောင်းစတဲ့ အကြောင်းကြောင်းတွေ

လည်း ကြန့်ကြာတာတွေကိုတွေ့ရပါတယ်။ တစ်နှစ်အထက်ကြန့်ကြာနေတဲ့အမှုတွေကို သက်ဆိုင်ရာ အမှုစစ်တရားရုံးက အထက်တရားရုံးကို လစဉ်အဆင့်ဆင့်အစီရင်ခံဖို့ညွှန်ကြားပြီးတော့ ကြန့်ကြာနေတဲ့အမှုတွေကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနဲ့အညီ ဆောလျင်စွာစစ်ဆေးပြီးပြတ်နိုင်စေမည့် နည်းလမ်းများ ညွှန်ပြပေးဖို့နှင့် လိုအပ်ရင်တစ်မှုချင်းအလိုက် ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များက ကြပ်မတ်ညွှန်ကြားစေပြီး ကြန့်ကြာမှုများအမြန်ပြီးပြတ်စေရေးအတွက် ဆောင်ရွက်စေလျက်ရှိကြောင်းဖြေကြားအပ်ပါတယ်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှာ ၃ နှစ်အထက် ကြန့်ကြာနေတဲ့လက်ရှိပြစ်မှုဆိုင်ရာအမှု ၂၀ မှုကို တရားရုံးများရဲ့ မလျော်ကန်တဲ့အကြောင်းတစ်ခုခုကြောင့် ကြန့်ကြာရခြင်းမျိုးမရှိစေဖို့နှင့် ဥပဒေနဲ့အညီအမြန်ပြီးပြတ်စေဖို့အတွက် တိုင်းဒေသကြီး တရားလွှတ်တော်များက ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီများဖြင့် ဆောင်ရွက်ခဲ့ပါက ဆောက်လက်စ ပညာရေး၊ ကျန်းမာရေးစသည့် ဝန်ကြီးဌာနအသီးသီး၏ အဆောက်အဦများအပေါ် သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများကို ကြီးကြပ်ရန် အချိန်မီညွှန်ကြားပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးဖို့အတွက် ဇန်နဝါရီလ ၂၁ ရက်က ကျွန်တော်တင်ပြထားတာဖြစ်ပါတယ်။ ဒီ ၂၁ ရက်က တင်ပြထားပြီးတော့ အခုလို အချိန်မီကာလအမီပေါ့။ ကျွန်တော်တို့ မေးမြန်းခွင့်ရအောင်၊ ဖြေကြားခွင့်ရအောင် စီစဉ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒါဘာလို့ပြောရသလဲဆိုတော့ ကျွန်တော်မေးမယ့် မေးခွန်းက မြောင်မြို့နယ်တစ်ခုတည်းအတွက် မဟုတ်သလို ဒီမှာကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပတ်သက်နေမယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲ့ဒီလိုပဲ ဒီမှာ ဥပမာပေးပြီးတော့ ပညာရေးနှင့် ကျန်းမာရေးဌာနများမှ ဆောက်လုပ်နေသော အဆောက်အဦများဆိုပြီးတော့ ပေးရတာရှိပါတယ်။ ဒါလည်း ကျွန်တော် ဒီဌာန ၂ ခုတည်းကို ရည်ရွယ်ခြင်းမဟုတ်ပါ။ နိုင်ငံတော်ရဲ့ငွေ နိုင်ငံတော်က

ခွင့်ပြုပေးတဲ့ ဘတ်ဂျက်နဲ့ ဆောက်လုပ်အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းအားလုံးအတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်အတိုကောက်ရေးထားတာက ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများမှ အပလို့ပါပါတယ်။ အဲဒီတော့ ကျန်တဲ့ဆောက်လုပ်နေတဲ့ လုပ်ငန်းတွေအားလုံး ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို မေးရတာဖြစ်ပါတယ်။

နောက်တစ်ခါ ဒီမေးခွန်းမေးဖို့အတွက်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဘတ်ဂျက်အတွက် ပြီးခဲ့တဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဆိုရင် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်အတွက် ရေးရာအလိုက် ဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာဦးစီးဌာနတွေတွေ့ပြီးတော့ ဥပမာ ကျွန်တော်ဆိုရင် ဘဏ္ဍာများနှင့်ငွေကြေးဖွံ့ဖြိုးရေးကော်မတီက ကော်မတီဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ရေးရာ ကော်မတီဥက္ကဋ္ဌကဆိုရင် သက်ဆိုင်ရာဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနတွေ၊ အဖွဲ့တွေကိုတွေ့ပြီးတော့ မင်းတို့ ဒါလေးတွေကိုတော့ ဒီနှစ် မသုံးလို့မဖြစ်ဘူးလား။ ဒီဟာ အရေးမကြီး သေးပါဘူး။ ဒါတော့လျှော့သုံးစသည်ဖြင့် အဲဒီလို စိစိစစ်စစ်ထိန်းထိန်းသိမ်းသိမ်း လုပ်နေတဲ့အချိန်မှာ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နယ်ကိုပြန်လိုက်တော့ တွေ့ရတာနဲ့ ကျွန်တော်ဒီမေးခွန်း မေးဖို့ပေါ်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ထိန်းထိန်းသိမ်းသိမ်းဌာနတွေ၊ ဝန်ကြီးတွေ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေ ဒီဟာလေးကို မသုံးပါနဲ့ဦး။ ဒါဒီနှစ် နေလို့ရသေးတယ် မဟုတ်လား။ ဒီလမ်းက ခင်ဗျားတို့အခုလောလောဆယ် ကတ္တရာ မခင်းရင်ရပါသေးတယ်စသည်ဖြင့် နောက်တစ်ခါ ကျွန်တော်တို့ရေးရာနဲ့ပဲ အဓိကပတ်သက်ပါတယ်။ အခွန်ကိစ္စတွေ ပြည့်ပြည့်စုံစုံရအောင် ပြည့်ပြည့်ဝဝ ရအောင် ပြည်သူလည်းဝန်ထုပ်ဝန်ပိုးမဖြစ်အောင်စသည်ဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တွေက ဒီလောက်အလေးအနက်ထားနေတဲ့အချိန်မှာ အခု ကျွန်တော်တင်ပြမယ့်မေးခွန်းနဲ့ပတ်သက်တဲ့ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းတွေ မြို့နယ်တွေ၊ ကျေးရွာတွေမှာ လုပ်ကိုင်နေတာအပေါ် အားမလိုအားမရ စိုးရိမ်စိတ်ဖြစ်တော့ ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။

ကျွန်တော်မေးတဲ့ မေးခွန်းထဲမှာပါတဲ့ ဥပမာပေးတဲ့ ကျန်းမာရေးနှင့် ပညာရေးဌာန နှစ်ခုတည်း ကို ရည်ညွှန်းခြင်းမဟုတ်ပါဘူးဆိုတာလည်း ပြောလိုပါတယ်။ ဒါကျွန်တော်ဘာလို့ပြောရသလဲဆိုတော့ ဒီမေးခွန်းမေးမယ်လုပ်တော့ တချို့ကမင်းဒီဟာကြီးသွားမမေးနဲ့။ နောက်တစ်ခါ မင်းမြို့နယ်ကိုဖွံ့ဖြိုး ရေးမချပေးဘဲနေလိမ့်မယ်လို့ပြောတဲ့သူတွေရှိပါတယ်။ ဒါကျွန်တော်တကယ် လိုအပ်လို့ ကျွန်တော်ဆီချ ပေးတဲ့ ပညာရေးဌာန၊ ကျန်းမာရေးဌာနတွေကို ဦးတည်ရည်ရွယ်ခြင်း လို့မဟုတ်ဘူးဆိုတာ ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဆောက်လုပ်တဲ့အခါမှာ ကျွန်တော် အထက်မှာတင်ပြ

ထားသလို ငွေကုန်အကျိုးမရှိဖြစ်မှာစိုးပါတယ်။ ကုန်သင့်လို့ကုန်တာ အကျိုးရှိအောင် ဆောင်ရွက်တာဆိုရင် ကျွန်တော်တို့က အားလည်းအားပေးရမှာဖြစ်ပါတယ်။ အဲဒီတော့ ဥပမာတစ်ခု ကျွန်တော်တို့မြို့နယ်ထဲမှာ လောလောဆယ်တော့ ပညာရေးဌာနကဆောက်နေပါတယ်။ ဆောက်နေတဲ့ကျောင်းကိုသက်ဆိုင်ရာကျောင်းကိုသွားမေးတော့လည်း ကုမ္ပဏီကလာပြီးတော့ဆောက်တာပဲသိတယ်။ ကျွန်တော်တို့ကို ဘာမှမပြောဘူး။ အဲဒါဆို အဲဒီကဆောက်လုပ်ရေးမှာ ဦးစီးဦးဆောင်လုပ်နေတာ ဘယ်သူလဲဆိုပြီးတော့ ချာတိတ်လေးထားပါ ကျွန်တော်တို့ သားသမီးအရွယ်လောက် G.T.I ဆင်းလေး။ ကျွန်တော်က မြောင်ဆက်မို့လို့ ကျွန်တော်က ခိုင်းလိုက်တာ။ ကျွန်တော်တို့က ဒီက စာချုပ်တာလည်းမသိဘူး။ ဘယ်ပုံစံလည်းမသိဘူး။ မင်းဆီမှာ BQ ပါလား။ ကျွန်တော်တို့အရပ်အခေါ် Estimate ခေါ်မလား။ အဲဒါပါလား မေးတော့လည်း သူမသိဘူး။ မင်းဘယ်နေရာ ဘယ်လိုဆောက်ဘယ်လိုဆောက်လိုတဲ့အချိန် ငါလာပြောမယ်။ သစ်လိုရင်လည်း မင်းကိုပို့ပေးလိုက်မယ်စသဖြင့်ဆိုတော့ ရောက်လာတဲ့သစ်တွေက အလိမ်အကောက်တွေ။ နောက်တစ်ခါ အသားမာလို့ပြောတဲ့ အသားမာအစစ်မဟုတ်တာတွေပါတယ်။ ပါတော့ ကျွန်တော်က မြို့နယ်အုပ်ချုပ်ရေးမှူးကြီး ခင်ဗျား ဒီအတိုင်းကြီးကတော့ ဆောက်ပြီး မကြာခင်ကျောင်းတွေပျက်ကုန်တော့မယ်။ ပျက်လို့ပြိုကျရင် ကျွန်တော်တို့ကျောင်းသားတွေ ဒုက္ခရောက်လိမ့်မယ်။ အန္တရာယ်ဖြစ်လိမ့်မယ်။ အဲဒါကြောင့် ခင်ဗျား ကြီးကြပ်ပါဆို မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ကျွန်တော့်လည်း မေးတယ်။ ကျွန်တော်လည်း ဘာမှမြို့နယ်ပညာရေးမှူးကလည်း မသိဘူးပြောတယ်။ အဲဒီအနေအထားအထိ ရောက်လာတော့ ကျွန်တော် ဒီမေးခွန်းကို မေးဖြစ်တာဖြစ်ပါတယ်။ အဲဒီတော့ စောစောက ကျွန်တော်တို့ စကားခံထားသလို အခုလည်း ကျန်းမာရေးဝန်ကြီးဌာနကတာဝန်ခံကဖြေမှာပါ။ အဲဒီတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန နောက်ဆောက်ကြဦးမှာပါ။ ကျွန်တော်တို့ ဒေသတွေအားလုံး သက်ဆိုင်ရာ ဒေသတွေက လိုအပ်နေတဲ့ အခြေခံအဆောက်အဦတွေကို နိုင်ငံတော်က တတ်နိုင်သလောက် ဖြည့်ဆည်းပေးမယ့်အနေအထားမှာ အကျိုးရှိအောင် ဆောင်ရွက်ပေးဖို့ ရည်ရွယ်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်မေးတဲ့ မေးခွန်းဇန်နဝါရီလ ၂၁ ရက် နောက်မှာ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ဖေဖော်ဝါရီ ၂၆ ရက်စွဲနဲ့ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ ဖွဲ့စည်းရန်တာဝန်ပေးအပ်ခြင်းဆိုတဲ့ အမိန့်တစ်ခု ထွက်လာပါတယ်။ ဒါလည်း ကျွန်တော်တင်ပြတဲ့ လုပ်ငန်းတွေလည်း နှီးနွယ်ဆက်စပ်တဲ့ အလုပ်တွေဖြစ်ပါတယ်။ မြို့နယ်ကော်မတီ၊ အထောက်အကူပြုကော်မတီ၊ ရပ်/ကျေးအထောက်အကူပြုကော်မတီတွေ ဖွဲ့ဖို့ထွက်လာပါတယ်။ အဲဒီတော့ ထွက်လာ

တာတော့ ထွက်လာတာပဲ။ ဒါပေမယ့် အုပ်ချုပ်ရေးပိုင်းက ဘယ်လောက်လုပ်နေနေ တစ်နည်းပြောရင် ကျွန်တော်တို့ ပြည်ထောင်စုအဆင့်က ဘယ်လောက်လုပ်နေနေ အထူးသဖြင့်တော့ပေါ့လေ။ ကျွန်တော်တို့ မြို့နယ်၊ ခရိုင်တို့အဆင့်မှာလုပ်ရတဲ့ သက်ဆိုင်ရာဌာနတွေက ထိထိရောက်ရောက်လုပ်နိုင်အောင် ကျွန်တော် ဒီမေးခွန်းကိုမေးတာဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းက (က) ဝန်ကြီးဌာနအသီးသီးက ခွင့်ပြုဆောင်ရွက်တဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမဟုတ်သော ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီအဖြစ် ဆောင်ရွက်ခဲ့ပါက ဒေသခံကြီးကြပ်ရေးအဖွဲ့များ၊ အကျိုးဆောင်အဖွဲ့များ၊ ကျွမ်းကျင်သူများပါ တာဝန်ပေး၍ဆောင်ရွက်နိုင်ရန် အချိန်မီ ထိန်းသိမ်းတည့်မတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ (ခ) လက်ရှိ ဆောက်လက်စပညာရေး၊ ကျန်းမာရေးစတဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ အဆောက်အဦများအပေါ် သက်ဆိုင်ရာမြို့နယ်မှ တာဝန်ရှိသူများကို ကြီးကြပ်ကွပ်ကဲနိုင်စေရန်အတွက် အချိန်မီ ညွှန်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီမံသတ်မှတ် ညွှန်ကြားဆောင်ရွက်မှုကို သိရှိလိုပါကြောင်း မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မေးခွန်းမေးတာ မိနစ်ဝက် အချိန်က ၁၀ မိနစ် ဒီအတိုင်းပါပဲ။ ဘဏ်များနှင့် ငွေရေးကြေးရေးကော်မတီလိုပဲ ကျန်တဲ့ကော်မတီများကလည်း အခုလိုပဲ စေတနာထားပြီး ဆောင်ရွက်နေတယ်ဆိုတာလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးအသိဖြစ်မှာပါ။ ဒါကြောင့် ဒီမေးခွန်းနှင့် ပတ်သက်ပြီး ဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေမှ ဝန်ကြီးဌာနအသီးသီးမှ ခွင့်ပြုဆောင်ရွက်သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမဟုတ်သော ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီများဖြင့် ဆောင်ရွက်ခဲ့ပါက ဒေသခံကြီးကြပ်ရေးအဖွဲ့များ၊ အကျိုးဆောင်အဖွဲ့များ တာဝန်ပေး၍ ဆောင်ရွက်ရေးအတွက် အချိန်မီထိန်းသိမ်းသတ်မှတ်ရန်၊ လက်ရှိဆောက်လက်စ ပညာရေး၊ ကျန်းမာရေးစသည့် ဝန်ကြီးဌာနအသီးသီး၏ အဆောက်အဦများအပေါ် သက်ဆိုင်ရာမြို့နယ်များမှ

တာဝန်ရှိသူများကို ကြီးကြပ်ရန် အချိန်မီညွှန်ကြားပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပညာရေးဝန်ကြီးဌာနမှ ပြန်ကြားချက်များ ၂ ရပ်ကိုပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားပါရစေရှင်။ ရှေးဦးစွာ ဤမေးခွန်းကို မေးမြန်းပေးပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေအား ကျွန်မတို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ပူပန်မှုများနှင့် ထပ်တူမေးမြန်းပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ဦးစွာပြန်ကြားလိုပါတယ်ရှင်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များရှိ အဆောက်အဦများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ခရိုင်နှင့်မြို့နယ်များတွင် အလားတူလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သွားရန် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနအားလုံးနှင့် ဆေးရုံအုပ်ကြီးများအားလုံးသို့ ၁၉၉၈ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်မှစ၍ ၂၀၁၁၊၂၀၁၂ ယခု ၂၀၁၃ နှစ်စဉ်နှစ်တိုင်း ညွှန်ကြားချက်များထုတ်ပြန်ခဲ့ပြီး ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းတာဝန်များသတ်မှတ်၍ ဆောက်လုပ်ရေးကြီးကြပ်မှု ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ဖွဲ့စည်းရာတွင် ခရိုင်နှင့် မြို့နယ်များတွင် ဆောက်လုပ်ရေးကြီးကြပ်ကော်မတီအား ခရိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး သို့မဟုတ် ဆေးရုံအုပ်ကြီးမှ ဥက္ကဋ္ဌ၊ ခရိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးမှ တာဝန်ပေးအပ်သူမှ အတွင်းရေးမှူးနှင့် ခရိုင်မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အင်ဂျင်နီယာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ အဖွဲ့ဝင်တစ်ဦးစီပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီး ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီတွင် ပြည်နယ်/တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးမှ ဥက္ကဋ္ဌ၊ တာဝန်ပေးအပ်သူမှ အတွင်းရေးမှူးနှင့် ဆေးရုံအုပ်ကြီးအပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး၊ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အုပ်ချုပ်ရေးမှူး သို့မဟုတ် အင်ဂျင်နီယာများအဖွဲ့ဝင်အဖြစ်ဖွဲ့စည်း၍ တာဝန်ဝတ္တရားများသတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုအဆင့် တင်ဒါခေါ်ယူရာတွင် တင်ဒါရွေးချယ်သည့် အချိန်မှာပင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကူညီပံ့ပိုးမှုဖြင့်

အင်ဂျင်နီယာချုပ် ၂ ဦး အမြဲတမ်းပါဝင်ပြီးတော့ ဆောက်လုပ်ရေး လုပ်ငန်းများဆိုင်ရာ စံကိုက်ဖြစ်ဖို့ အတွက်နဲ့ နိုင်ငံတော်မှချမှတ်ပေးထားတဲ့ရန်ပုံငွေများကို ထိုက်တန်သည့် တန်ရာတန်ကြေး အဆောက်အဦများရရှိဖို့အတွက် အထူးဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ဆောက်လုပ်တဲ့ အဆောက်အဦများကို အသုံးပြုမယ့် ဥပမာ ခွဲစိတ်ခန်းဆိုလို့ရှိရင်လည်း ခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ အစရှိသည်ဖြင့် ဒီလုပ်ငန်းနဲ့လျော်ညီတဲ့ ထိုက်တန်သော အဆောက်အဦ များရရှိရေးအတွက် စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ တင်ဒါရွေးချယ်ပြီး သက်ဆိုင်ရာ ကုမ္ပဏီများ သို့မဟုတ် ဆောက်လုပ်ရေးမြို့နယ် ခရိုင်များမှ ရွေးချယ်ပြီး ဆောက်လုပ်ရေးအဖွဲ့များမှ ဆောက်လုပ်သည့်အခါမှာ ကျွန်မတို့အနေနဲ့ စတင်ဆောက်လုပ်မယ့်ရက်ကို ဗဟိုပြည်နယ်/ တိုင်းဒေသကြီးနဲ့ ခရိုင်မြို့နယ်များ သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနများသို့ အကြောင်းကြားခိုင်းပြီး တော့ အုတ်မြစ်ချသည့် အချိန်မှစ၍ ကွင်းဆင်းကြီးကြပ်ဖို့အတွက်လည်း အထူးညွှန်ကြားပြီးတော့ လက်တွေ့ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်အပေါ်တွင်သစ္စာရှိသူ၊ ငွေကြေးအရင်းအနှီး ခိုင်မာ သူ၊ လုပ်ငန်းအရည်အသွေး ကောင်းမွန်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ၊ ယုံကြည်စိတ်ချရမှုရှိသူ၊ ကျွမ်းကျင်လုပ်သား၊ စက်ယန္တရား ပြည့်စုံမှုရှိသူ၊ ထပ်ဆင့်ကန်ထရိုက်မပေးသူ ဖြစ်ရမည်ဟုသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။ အထက်ဖော်ပြပါ ရွေးချယ်ရေးမူနှင့်ကိုက်ညီသော ကုမ္ပဏီ/အဖွဲ့အစည်း များကို တင်ဒါခေါ်ယူ၍ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီက ရွေးချယ်ပြီး လုပ်ငန်းအပ်နှံ သဘောတူ စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများပြီးစီးသောအခါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်း အရည်အသွေးစစ်ဆေးရေးအဖွဲ့ ၂ ဖွဲ့တို့က လုပ်ငန်းများစစ်ဆေးပြီး လိုအပ်ချက်များရှိပါက လက်ခံသူ ကျေနပ်သည့်အထိ ပြုပြင်ပေးရန်ဖြစ်ပြီး သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ လုပ်ငန်းလွှဲပြောင်းလက်ခံခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ အခြေခံပညာကဏ္ဍတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၌ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့မှ ၅၇.၂၄ ရာခိုင်နှုန်းနှင့် ပညာရေးဝန်ကြီးဌာနမှ ၄၂.၇၆ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ခဲ့ ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသော အဆောက်အဦပုံစံများဖြင့် တည်ဆောက်ပြီး ကုန်ကျငွေတွက်ချက်တင်ပြရာတွင်လည်း အတည်ပြုပြီးသော PAE နှုန်းများဖြင့် တည်ဆောက်ရခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့နယ်၊ ကျောင်းအဆင့်ဆောက်လုပ်ရေးကြီးကြပ်မှု

ကော်မတီများဖွဲ့စည်းလျက် ဆောက်လုပ်မှုအား စံချိန်စံညွှန်းနှင့်ညီ၊ မညီ သတ်မှတ်ပုံစံနှင့် ကိုက်ညီစွာ တည်ဆောက်မှုရှိ၊မရှိ ကြီးကြပ်စေပါတယ်။ မြို့နယ်အဆင့်ဆောက်လုပ်ရေးကော်မတီတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ၁ ဦး၊ မြို့နယ်စည်ပင်သာယာရေးမှ အင်ဂျင်နီယာ သို့မဟုတ် ဆောက်လုပ်ရေး အင်ဂျင်နီယာ ၁ ဦး၊ မြို့နယ်ပညာရေးမှူး ၁ ဦး၊ အထက်တန်းကျောင်းအုပ်ကြီး ၁ ဦးနှင့် သက်ဆိုင်ရာ ကျောင်းမှ ကျောင်းအုပ် ၁ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်း၍ အဆင့်လိုက်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပြီးသည့်အခါတွင်လည်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်ရာစာရင်းစစ်ရုံးများမှ ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးပြီး မျက်မြင်ကွာခြားချက်များကို ပြုပြင်ဆောင်ရွက်စေခြင်း၊ ဒေသဈေးနှုန်းနှင့်ကွဲလွဲပါက ပြန်လည်ပေးသွင်းစေခြင်းတို့ဖြင့် ခိုင်ခံ့ ကောင်းမွန်သော၊ လုံခြုံစိတ်ချသော ကျောင်းအဆောက်အဦများဖြစ်အောင် အဆင့်ဆင့်စနစ်တကျ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြင့်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ရှင်။ (သြဘာသံများ)

**ပြည်သူပိုင်၊ ဌာနဆိုင်ရာပိုင်၊ သမဝါယပိုင် အခန်းများနှင့်ပတ်သက်ပြီး အိုးအိမ်ဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ နှင့်လေ့လာသူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းကိုယ်စား မေးမြန်းမယ့် ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ပေါ်ရှိ ပြည်သူပိုင်သိမ်းပြီးတိုက်ခန်းများကို ဌာနဆိုင်ရာများသို့ လည်းကောင်း၊ သမဝါယမများသို့လည်းကောင်း၊ အိုးအိမ်နှင့်တိုင်းကောင်စီမှ သိမ်းဆည်းထားသော တိုက်ခန်းများကို နိုင်ငံ့ဂုဏ်ဆောင်ပုဂ္ဂိုလ်များသို့လည်းကောင်း လွှဲပြောင်းနေထိုင်ခွင့်ချထားပေးခဲ့ပါ တယ်။ ယခုအခါဌာနဆိုင်ရာအကြီးအကဲများကို ဌာနမှနေထိုင်ခွင့်ပေးထားသော အခန်းတို့နှင့် သမဝါယမပိုင်အခန်းများအဖြစ် အသုံးပြုခဲ့သောအခန်းအချို့သည် အခန်းလွတ်များအဖြစ် တွေ့ရှိ နေရပါတယ်။ ယခင်ကဝန်ကြီးဌာနများ ရန်ကုန်မြို့တွင်ရှိသဖြင့် ဝန်ကြီးဌာနပိုင်အခန်းများတွင်ဌာန အကြီးအကဲများနေထိုင်ခဲ့ကြသော်လည်း ယခုအခါနေပြည်တော်သို့ ပြောင်းရွှေ့သွားသဖြင့် အချို့

အခန်းများနေထိုင်ခြင်းမရှိတော့ပါ။ ၂၀၀၃ ခုနှစ် လေလံပစ်သောအခန်းများတွင်လည်း တချို့အခန်းများ ပါဝင်ခြင်းမရှိတာကို တွေ့ရှိရပါသဖြင့် ဝန်ကြီးဌာနများနှင့် သမဝါယမပိုင်အခန်းများကို အိုးအိမ်သို့ လွှဲပြောင်းရာတွင် အချို့အခန်းများကျန်ရှိနိုင်ပါတယ်။ နိုင်ငံတော်ပိုင် အခန်းများဆုံးရှုံး နစ်နာမှုမရှိစေရန်အတွက် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်း (၁) ဝန်ကြီးဌာနနှင့်သမဝါယမပိုင်အခန်းများ အိုးအိမ်သို့အပ်နှံရာတွင် အသုံးမလိုတော့သည့် အခန်းများအားလုံး နိုင်ငံတော်သို့အပြီးအပ်ပြီး၊ မအပ်ပြီးစိစစ်ဖြစ်ပါသလား။ မေးခွန်း(၂) အိုးအိမ်သို့အပ်နှံထားသော အခန်းများနှင့်ပတ်သက်ပြီး မည်ကဲ့သို့ စီမံခန့်ခွဲလျက်ရှိကြောင်း သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**[ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်ကိုယ်စား ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်က မေးမြန်းပါသည်။]**

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမှ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးမြန်းတဲ့ ပြည်သူပိုင်၊ ဌာနဆိုင်ရာပိုင်၊ သမဝါယမပိုင်အခန်းများနှင့်ပတ်သက်ပြီး အိုးအိမ်ဦးစီးဌာနအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကိုသိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ နေပြည်တော်သို့ ပြောင်းရွှေ့ပြီးနောက် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနများနှင့် သမဝါယမအသင်းပိုင်အခန်းများအပါအဝင် ရုံးအဆောက်အဦများ၊ လူနေအိမ်များနှင့်ပတ်သက်ပြီး၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အတွင်းရေးမှူးအဖြစ်ဆောင်ရွက်တဲ့ နိုင်ငံပိုင်အဆောက်အဦများ၊ ရုံးဌာနနဲ့ လူနေအိမ်များ စီမံခန့်ခွဲရေးကော်မတီကို ၂၀၀၈ ခုနှစ် ဩဂုတ်လမှာဖွဲ့စည်းပြီး ကွင်းဆင်းစိစစ် စီမံခန့်ခွဲခဲ့ပါတယ်။

စီမံခန့်ခွဲရေးကော်မတီက ဝန်ကြီးဌာနများမှအပ်နှံလာတဲ့ မြေအဆောက်အဦများနဲ့ လူနေ အိမ်ခန်းများအား ကွင်းဆင်းစိစစ်ပြီးတော့ရောင်းချရန် သင့်တော်သောအဆောက်အဦများကို ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဦးစီးတဲ့ နိုင်ငံတော်ပိုင်အဆောက်အဦများ၊ စီမံကိန်းအဆောက်အဦများ၊ လူနေအိမ်ရာများနဲ့ မြေကွက်များရောင်းချရေးကော်မတီသို့ စာရင်းလွှဲပြောင်းပေးခြင်း၊ အချို့အား အခြားနည်းဖြင့် ပြောင်းလဲသုံးစေခြင်းမျိုးကို စီမံခန့်ခွဲခဲ့ပါတယ်။ စီမံခန့်ခွဲရေးကော်မတီမှစိစစ်ပြီးနောက် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ မြေ၊ အဆောက်အဦနှင့် လူနေအိမ်ခန်းများကို ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဦးစီးသည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန လက်ခံထိန်းသိမ်းရေးအဖွဲ့ထံသို့ လက်ရောက်လွှဲပြောင်းလက်ခံစေခဲ့ပါတယ်။ အချို့အဆောက်အဦများကို ဝန်ကြီးဌာနများမှ လက်ခံထိန်းသိမ်းရေးအဖွဲ့ထံ လွှဲပြောင်းခြင်းမပြုဘဲ ဆက်လက်ထိန်းသိမ်းပြီး ရောင်းချရေးကော်မတီနဲ့ တိုက်ရိုက်တင်ပြလေလံတင်ရောင်းချခြင်းများလည်းရှိပါတယ်။ ထို့အပြင် အချို့ပြည်သူပိုင်သိမ်း၊ နိုင်ငံပိုင်သိမ်းအခန်းများနဲ့ပတ်သက်၍ မူလပိုင်ရှင်ရဲ့ အဆက်အနွယ်နဲ့ပတ်သက်တဲ့သူများ ကနေပြီးတော့ ပြန်လည်တောင်းခံခြင်းများအပါအဝင် ပိုင်ဆိုင်မှုစိစစ်ခြင်း မပြီးပြတ်သေးတဲ့ အခန်းများကို ဝန်ကြီးဌာနများမှနိုင်ငံတော်သို့ပြန်လည် အပ်နှံခြင်းမပြုနိုင်ဘဲ ခေတ္တထိန်းသိမ်းပြီး စိစစ်ဆောင်ရွက်နေတဲ့ ကိစ္စရပ်များလည်းရှိပါတယ်။ စီမံခန့်ခွဲရေးကော်မတီအနေနဲ့ ရောင်းချရေးကော်မတီတို့ရဲ့လမ်းညွှန်မှုနဲ့ ဝန်ကြီးဌာနများမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လက်ခံထိန်းသိမ်းရေးအဖွဲ့ကို လွှဲပြောင်းလက်ခံထားတဲ့မြေကွက်၊ လူနေတိုက်ခန်း၊ လူနေလုံးချင်း၊ ရုံးအဆောက်အဦ၊ ဂိုထောင်၊ အဆောင်၊ ဆေးခန်းနဲ့ ဆိုင်ခန်းဟာ စုစုပေါင်း ၈၆၈ ခုရှိခဲ့ရာ ၂၄၄ ခုကိုရောင်းချပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၆၂၄ခုအနက်မှ ၅၁၁ ခုကို ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်းပေးပြီးဖြစ်လို့လက်ဝယ်မှာ ၁၁၉ ခုကျန်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ခေတ္တထိန်းသိမ်းထားတဲ့ အဆိုပါကျန်ရှိတဲ့ အဆောက်အဦ၊ အိမ်ခန်းနဲ့ မြေနေရာကွက် ၁၁၉ ခုနဲ့ ပတ်သက်ပြီးတော့ ပိုင်ဆိုင်မှုအရှုပ်အထွေးများ မပြီးပြတ်သေးတဲ့ ဝန်ကြီးဌာနများ လက်မှာရှိတဲ့ အခန်းများနဲ့ပတ်သက်ပြီး နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနဲ့ မြေယာကွက်များကို စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ရောင်းချရေးကော်မတီနဲ့ ညှိနှိုင်းပြီးတော့ နိုင်ငံတော်မှ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျဆက်လက်ပြီး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နှစ်ပေါင်းများစွာ ကြာမြင့်နေသောလုပ်ငန်းများ၊ စီမံကိန်းဖျက်လိုက်ရသည့်လုပ်ငန်းများကို လက်လွှဲ၍ အကွက်ရိုက်ရောင်းခြင်းများပြုလုပ်နေမှုကို ဥပဒေနှင့်အညီ မည်ကဲ့သို့ လုပ်ဆောင်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ် ကိုယ်စား ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ကိုယ်စား ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ကျွန်မ ဒေါ်တင်နွယ်ဦးကနေပြီးတော့ ကိုယ်စား မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ဦးအောင်ဇင်ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ အသေးစိတ်လေး နည်းနည်းလေးဖတ်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပေးထားသည့်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းရေးကော်မရှင်အနေဖြင့် ကွင်းဆင်းစစ်ဆေးကြားနာမှုများ ပြုလုပ်သည့်အခါမှာ လုပ်ငန်းရှင်ကြီးများကလက်ဦးမှုရယူပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အမြန်ဆုံးပြုလုပ်နေသည့်အပြင် လက်ငုပ်လက်ရင်းလယ်သမားများကိုလည်း ၎င်းနယ်မြေအနီးသို့ပင် ဖြတ်သန်းခွင့်မပေးတော့သည့် အခြေအနေမျိုးကို ရောက်ရှိနေပါသည်။ ယခင်ကဆိုရင် လယ်သီးစားခပေးပြီး လယ်လုပ်ခွင့်ရနေသော လယ်သမားများသည် လယ်ယာစုံစမ်းရေးကော်မရှင် ကွင်းဆင်းကြားနာသည့်အခါမှာ အခြေပါပျက်နေရသည့် ဘဝမျိုးရောက်ရှိသွားပါသည်။ လုပ်ငန်းရှင်များဘက်မှလည်း တစ်ဖက်သတ်လုပ်ဆောင်နေမှုများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များက မည်ကဲ့သို့ ဆောင်ရွက်ပေးပါသနည်းလို့ မေးမြန်းကြည့်သည့်အခါမှာလည်း လုပ်ငန်းရှင်များက ဥပဒေနဲ့အညီ လုပ်ဆောင်တာဖြစ်တဲ့အတွက် သူတို့အနေနဲ့ မည်သို့မျှလုပ်ဆောင်ပေးရန်မလိုပါကြောင်း ပြန်လည်ဖြေကြားတာကိုတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ လယ်သမားအများစုအနေနဲ့နစ်နာမှုတွေ အခါခါမဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးပါသနည်းဆိုတဲ့ ရှင်းလင်းချက်လေးဖြစ်ပါတယ်။ မေးခွန်းပုံစံကတော့ နှစ်ပေါင်းများစွာကြာမြင့်နေသောလုပ်ငန်းများ၊ စီမံကိန်းဖျက်လိုက်ရသည့်လုပ်ငန်းများကို လက်လွှဲ၍ အကွက်ရိုက်ရောင်းချခြင်းများပြုလုပ်နေမှုကို ဥပဒေနှင့်အညီ မည်ကဲ့သို့လုပ်ဆောင်ပေးမည်နည်းဆိုတော့ ကျွန်မကစာလေး နည်းနည်းပြင်လိုက်ပါမယ်။ နှစ်ပေါင်းများစွာ ကြာမြင့်နေသောလုပ်ငန်းများဆိုတာက နည်းနည်းအဓိပ္ပာယ်မရှိသလိုဖြစ်နေလို့ နှစ်ပေါင်းများစွာကြာမြင့်နေသော စီမံကိန်းလုပ်ငန်းများ၊

စီမံကိန်းဖျက်လိုက်ရသည့်လုပ်ငန်းများကို လက်လွှဲ၍ အကွက်ရိုက်ရောင်းခြင်းများပြုလုပ်နေမှုကို ဥပဒေနှင့်အညီ မည်ကဲ့သို့ လုပ်ဆောင်ပေးမည်ဟူ၍ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်ကိုယ်စား ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်မေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးရဲ့ ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းအနေနဲ့က နှစ်ပေါင်းများစွာ ကြာမြင့်နေသော စီမံကိန်းလုပ်ငန်း များ၊ စီမံကိန်း ဖျက်လိုက်ရပြီး လက်လွှဲ၍ အကွက်ရိုက်ရောင်းချခြင်းများ ပြုလုပ်နေမှုကို ဥပဒေနှင့် အညီ မည်ကဲ့သို့ လုပ်ဆောင်ပေးနိုင်မည်ကို သိလိုခြင်းဆိုတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ တွင် နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်သည် လိုအပ် သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ ယခင်က မြို့ပြအင်္ဂါရပ်များနှင့်ညီညွတ်စေရေး အတွက်လည်းကောင်း၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ အစိုးရအဆက်ဆက် လက်ထက်များ၌ လယ်ယာမြေပေါ်တွင် မြို့ပြအိမ်ရာမြေကွက်များကို တိုးချဲ့ဖော်ထုတ်ခြင်း၊ စက်မှုဇုန် များဖော်ထုတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းများ ရှိခဲ့ပါ တယ်။ လယ်ယာမြေပေါ်တွင် စိုက်ပျိုးမှုမှအပ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်း ဧရိယာ

အတွင်းပါဝင်သည့် မူလလက်ငုတ်လယ်သမားများ၏ လယ်ယာမြေများအတွက် နစ်နာကြေးနှင့် လျော်ကြေးများကို ထိုစဉ်ကာလက ပြဋ္ဌာန်းခဲ့သည့်ဥပဒေများနှင့်အညီ လျော်ကြေးပေးခြင်း၊ မြေကွက် အစားပေးခြင်းများ ဆောင်ရွက်သည်များရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးခွန်းတွင် ဖော်ပြပါရှိသည့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များက ပြော သော ဥပဒေနှင့်အညီဆိုသည်မှာ လန-၃၉ ကျပြီးသားမြေကို ပြောဆိုခြင်း ဖြစ်ကြောင်း နားလည်ရပါ တယ်လို့ ဖော်ပြပါတယ်။ ဖော်ပြချက်အရ အဆိုပါမြေများသည် ယခင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ စိုက်ပျိုးမှုမှအပ အခြားနည်းအသုံးပြုရန် ခွင့်ပြုပြီးဖြစ် သော မြေများဖြစ်၍ အဆိုပါမြေများတွင် စီမံကိန်းအကောင်အထည်ဖော်ရန် တင်ပြလျှောက်ထားခဲ့ သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှာ စီမံကိန်းကို ပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ စီမံကိန်းကို တင်ပြခဲ့သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ စီမံကိန်းအား ပြီးစီးအောင် မဆောင်ရွက်နိုင် ပါက လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၄၈ အရ ပြစ်ဒဏ်ချမှတ်ရန် အရေးယူ နိုင်ကြောင်းနှင့် ပုဒ်မ ၃၉ အရ ဆင့်ဆိုချက်ကို ပယ်ဖျက်နိုင်ကြောင်း ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံ ပိုင်ပြုလုပ်ရေးနည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(၁)တွင် ဖော်ပြထားပါတယ်။ ယခုအခါ လယ်ယာမြေ ဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ(က)အရလည်းကောင်း၊ လယ်ယာမြေနည်းဥပဒေ ၁၁၇ နည်းဥပဒေခွဲ (က)အရ လည်းကောင်း၊ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် ၁၉၅၄ ခုနှစ် လယ်ယာ မြေနိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေများကို ရုပ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ကာလတွင် ယခင် အဆက်ဆက် လက်ထက်ကာလကရှိနေခဲ့သည့် အခြေအနေအချိန်အခါ အကန့်အသတ်များကြားမှ နိုင်ငံသား ပြည်သူများအပေါ် တိုးတက်ဖွံ့ဖြိုးစေလိုသည့် စိတ်စေတနာဖြင့် စီမံစည်းရုံးအကောင် အထည်ဖော်ခဲ့သည့်လုပ်ငန်းများအပေါ်တွင် ဆက်လက်၍ တိုးတက်အောင်မြင်အောင်ဆောင်ရွက် ကြရန်အတွက် သင့်လျော်သည့်လုပ်ငန်းများကို အခက်အခဲများကြားမှ ဆက်လက်ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မပြီးပြတ်သေးသော မပြေလည်ဖြစ်နေခြင်း၊ ပြဿနာ ဖြစ်နေခြင်း စသည့်ရှင်းလင်းဆောင်ရွက်ရန် လိုအပ်သောကိစ္စများကိုလည်း တည်ဆဲမြေယာဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များဖြင့် ညီညွတ်စွာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ပကတိမြေပြင်အခြေအနေအမှန်ပေါ်တွင်အခြေခံ၍ ဆုံးဖြတ်ဖြေရှင်းဆောင်ရွက် ကြရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ အာဏာမတည်မီက ယခင် ၁၉၅၃ ခုနှစ် လယ်ယာ မြေနိုင်ငံပိုင်ပြုလုပ်ရေး

အက်ဥပဒေပုဒ်မ ၃၉ အရ စိုက်ပျိုးရေးမှအပ အခြားနည်းလမ်းအသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့ပြီး စီမံကိန်း ဖျက်လိုက်ရပြီး လုပ်ငန်းများနှင့်ပတ်သက်၍ ယခုအခါ လယ်ယာမြေဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သည့်အတွက် ယင်းဥပဒေ၊ နည်းဥပဒေများအရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လယ်ယာမြေဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ပါရှိသည့်အတိုင်း ဖြစ်ပေါ်လျက်ရှိ သည့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား သက်ဆိုင်သည့်ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ မြေပြင်ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအရ မှန်ကန်တရားမျှတစွာ စိစစ် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်တဲ့မေးခွန်း မေးခွင့်ပြုပါ။ ခုနကပြည်ထောင်စုဝန်ကြီးဖြေသွားတဲ့ အထဲထဲမှာ စီမံကိန်းတွေ ခုနက ၁၉၅၃ ဥပဒေ တွေအပါအဝင် ကျွန်တဲ့ဥပဒေတွေကျွန်မနားလည်ပါတယ်။ ဒါပေမယ့်အခုကျွန်မမေးတဲ့ မေးခွန်းက စီမံကိန်းလုပ်မယ်ဆိုပြီးတော့ ဆက်မလုပ်တဲ့ကိစ္စပါ။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင်စီမံကိန်းဆိုတဲ့ အခါမှာ မြို့ရွာအိမ်ရာတွေဆောက်ဖို့စီမံကိန်း၊ စက်မှုစီမံကိန်း၊ ရထားလမ်းဖောက်တဲ့ စီမံကိန်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီစီမံကိန်းဆိုတာက အချိန်ကာလရှိရမယ်လို့ ကျွန်မလည်း ပြည်ထောင်စု လွှတ်တော်မှာကတည်းက ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ တစ်ခါထည့်ပြောဖူးပါတယ်။ အဲ့တော့ အခု စီမံကိန်းတွေက အနှစ်နှစ်ဆယ်ကျော်တောင်ဖြစ်တဲ့အတွက် ဘယ်အချိန်ကာလမှာ ပြီးဆုံးမယ့်စီမံကိန်း လဲ၊ ဘယ်အခါမှပြီးမှာလဲ တကယ့်တကယ်ဥပဒေအရ စီမံကိန်းကာလကို ဘယ်လောက်လို့ သတ်မှတ် ထားပါသလဲ။ အဲ့ဒီတော့ စီမံကိန်းကာလကို ဖောက်ဖျက်ခြင်းသည်လည်း စီမံကိန်းဖျက်တဲ့အခါမှာ ဥပဒေနဲ့မညီလို့ ဒီပြဿနာဘယ်လိုဖြေရှင်းမှာလည်း အဲ့ဒါသိချင်တာပါ။ တိုင်းနဲ့ပြည်နယ် ဝန်ကြီးချုပ် တွေကိုတာဝန်ပေးထားတယ်ဆိုတာ ဖြေမယ်ဆိုပြီးတော့ ကျွန်မအစကတည်းက မျှော်လင့်ပြီးသားပါ။ ဥပဒေအရလည်း အားလုံးကျွန်မနားလည်ပါတယ်။ စီမံကိန်းကာလလေးသိချင်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ခုနက ကျွန်တော် တင်ပြတဲ့အထဲမှာ ပါပြီးသားပါ။ ဒါကတော့သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သူမဆောင်ရွက်နိုင်တဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဒါနောက်ဆုံး လယ်ယာမြေဥပဒေအရဆိုရင်တော့ တိုင်းဒေသကြီးအစိုးရရဲ့ အဆုံးအဖြတ်ဟာ အတည်ပြုတဲ့အတွက်ကြောင့် တိုင်းဒေသကြီး လက်အောက်

မှာရှိတဲ့ ခရိုင်၊ မြို့နယ် ရပ်ကွက်ကျေးရွာအုပ်စုအဆင့်ဆင့်က တင်ပြတဲ့အပေါ်မှ စိစစ်ပြီးတော့ ဒီတိုင်းဒေသကြီး အစိုးရရဲ့ အဆုံးအဖြတ်သာလျှင် အတည်ဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ အဲဒီနေရာမှာ သက်ဆိုင်ရာအစိုးရအဖွဲ့တွေ ဆောင်ရွက်ချက်တွေလည်း စိစစ်မှုပါဝင်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်လို့ အားလုံးသတိပြုမိပါလိမ့်မယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်အဆိုပြုတင်ပြတဲ့ အပေါ်မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦး ဆွေးနွေးထားပါတယ်။ အဲဒီဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ပြည်ထောင်စုလွှတ်တော်က ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ မှတ်မိသမျှပြန်ပြောရမယ်ဆိုရင် တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် သိမ်းပိုက်ထားသော၊ သိမ်းဆည်းထားသော လယ်ယာမြေများနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် တရားနည်းလမ်းတကျ ဆောင်ရွက်နိုင်ရေးဆိုတဲ့ အဆိုပေါ်မူတည်ပြီးတော့ ဒီနေ့ သက်ဆိုင်ရာ ကော်မရှင်က ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်မှတ်မိသမျှပြောမယ်ဆိုရင် ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ကာလအတွင်းမှာ တပ်မတော်ကသိမ်းဆည်းထားတဲ့ လယ်ယာမြေနဲ့ပတ်သက်လို့ တစ်ဖြတ်ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ကျွန်တဲ့ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ ကျွန်တဲ့ဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ စီမံကိန်းမလုပ်နိုင်တဲ့အတွက် ကျွန်တဲ့မြေကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကော်မရှင်က ရှင်းလင်းတင်ပြချက်ကိုခဏစောင့် ကြည့်ဖို့လိုပါတယ်။ ခုနကတင်ပြသွားတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်ပြသွားတဲ့ကိစ္စကတော့ ဥပဒေပါအကြောင်းအရာများကိုပဲ တင်ပြတာဖြစ်ပေမယ့် ကျွန်တော်တို့ ဒီနေ့ နိုင်ငံအတွင်းမှာဖြစ်ပေါ်နေတဲ့ ဥပဒေအရဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ ဥပဒေသဘောအရ မှန်ပေမယ့် လက်တွေ့နယ်ပယ်မှာ ဒီနေ့ ခေတ်စားပြီးပြောနေတဲ့ EIA, SIA, HIA နဲ့ ဆက်စပ်တဲ့ ကိစ္စတွေမှာ ပြန်လည်သုံးသပ်စရာတွေကို သက်ဆိုင်ရာပြည်ထောင်စုကော်မရှင်က ဆက်လက်ဆောင်ရွက်နေပါတယ်။ တစ်ဖက်နားမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ တင်ပြချက်၊ ပြည်သူများရဲ့ တင်ပြချက် ဒီအပေါ်သုံးသပ်ပြီးတော့ ကော်မရှင်က အမျှတဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမှာပါ။ ဒါကြောင့်မို့လို့ ထပ်ဆင့်မေးခွန်းသည် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေရုံနဲ့ မလုံလောက်ပါဘူး။ ဒီဟာတွေပြေလည်ဖို့အတွက်ကတော့ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ကော်မရှင်တွေရဲ့ တွေ့ရှိသုံးသပ်ချက်ပေါ်မူတည်ပြီး တာဝန်ရှိသူများဆက်လက် ဆောင်ရွက်ပေးမှသာ ပြေလည်မယ့်အနေအထားရှိပါတယ်။ ထပ်ပြီးတင်ပြပြောဆိုရမယ်ဆိုရင် အရင်က

လုပ်ဆောင်သွားခဲ့တဲ့ကိစ္စမှာ ဥပဒေအရဆိုပြီးတော့ စာပေါ်ပါတဲ့ဥပဒေအရသာဆောင်ရွက်ပြီး ပြည်သူများနဲ့ နိုင်ငံအတွင်းမှာဖြစ်ပေါ်ခံစားနိုင်တဲ့ EIA, SIA, HIA နဲ့ စဉ်းစားရမယ့်ကိစ္စတွေ ပေါ်ပေါက်လာတဲ့အတွက် ကော်မရှင်ကဒါကို အလေးထားဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဒုတိယဝန်ကြီး ဦးခင်ဇော် ဆွေးနွေးတာကို ကျွန်တော် ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း ဒီကာလအထိတော့ စောင့်စားပြီးတော့ ကြည့်ရှုပြီးတဲ့အခါမှာ ဆက်လက်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒီလိုပြောခြင်းဟာလည်း ကျွန်တော်တို့ မလိုအပ်ဘဲထပ်ပြီးတော့ မေးမြန်းနေမယ်။ လုပ်ဆောင်နေမယ်ဆိုလို့ရှိရင် ဆောင်ရွက်နေတဲ့ ကော်မရှင်အတွက်လည်း အထိခိုက်ဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း မလိုအပ်ဘဲနဲ့ ထပ်မံဖြေကြားနေမှုများဟာ မသင့်လျော်ပါဘူး။ ဒါကြောင့် ဒါကိုအားလုံး လွှတ်တော်ကိုယ်စားလှယ်များ နားလည်လက်ခံဖို့ တင်ပြခြင်းဖြစ်ပါတယ်။

**လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေးနှင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေးဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများအတွက် ပြဋ္ဌာန်းထားတဲ့ လယ်ယာမြေဥပဒေသစ်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်တဲ့ကိစ္စနှင့် ပတ်သက်ပြီးတောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် မေးခွန်း နှစ်ခုကို မေးမြန်းလိုပါတယ်။ တကယ်တော့ ကျွန်တော်တို့ လွှတ်တော်နှင့် နိုင်ငံတော်အစိုးရဟာ တောင်သူလယ်သမားတွေရဲ့ အဓိက အသက်သွေးကြောဖြစ်တဲ့ မြေယာနှင့်ပတ်သက်ပြီးတော့ လယ်ယာမြေဥပဒေကို စေတနာအပြည့်အဝနှင့် ဘယ်ခေတ်ကမှ မရရှိနိုင်တဲ့ အကျိုးရလဒ်အခွင့်အရေးများ ထည့်သွင်းပြီး ပြဋ္ဌာန်းထားခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီပြဋ္ဌာန်းထားချက်တွေကို အကျိုးရလဒ်အခွင့်အရေးများကို လယ်သမားများခံစားနိုင်ဖို့ကတော့ လယ်သမားများကိုယ်တိုင်က လက်ရှိ အသုံးချခွင့်ရထားတဲ့ မြေယာလုပ်ပိုင်ခွင့်ကို အသုံးချခွင့်ရတဲ့မြေယာကို လက်ရှိဥပဒေနှင့် အတည်ပြုပြီးတဲ့ဥပဒေအရ မှတ်ပုံတင်ကြမှသာလျှင် ဒီအကျိုးရလဒ်တွေကို ခံစားရမှာဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ လယ်ယာမြေနည်းဥပဒေ

အထွေထွေအခန်း (၁၃)မှာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ အခန်း (၁၃) အထွေထွေပုဒ်မ ၁၁၄ မှာ လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရန် လျှောက်ထားခြင်းမရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအဖြစ် သတ်မှတ်ခြင်းမခံရသည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးကို ရပိုင်ခွင့်မရှိစေရလို့ အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က စေတနာနဲ့ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းပေးသော်လည်း သက်ဆိုင်ရာ တောင်သူလယ်သမားများက ဗဟုသုတအသိအမြင်နည်း၍လည်းဖြစ်စေ၊ ပေါ့လျော့မှုကြောင့်လည်းဖြစ်စေ သတ်မှတ်တဲ့ကာလအတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံမတင်လိုက်ဘူးဆိုရင် လယ်ယာမြေလုပ်ပိုင်ခွင့်ပါ ဆုံးရှုံးသွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဇန်နဝါရီလ ၁ ရက်နေ့ကနေပြီးတော့ မတ်လ ၃၁ ရက်နေ့အပြီး ဆောင်ရွက်မယ်လို့ ဖြေကြားသွားခဲ့တဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ လယ်သမားများ နစ်နာမှာကို စိုးရိမ်ပြီးတော့ ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။ တကယ်တော့ စေတနာနဲ့လုပ်ပေးသော်လည်း၊ ပြဋ္ဌာန်းပေးသော်လည်း အချိန်ကန့်သတ်ချက်အရ အကြောင်းအမျိုးမျိုးကြောင့်များ လယ်ယာမြေမှတ်ပုံမတင်မိခဲ့ရင် ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၁၁၄ အရ လယ်ယာမြေဆုံးရှုံးသွားနိုင်သည့်အဆင့်ထိအောင် ခံစားသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လယ်ယာမြေဥပဒေအရ အကျိုးခံစားခွင့်တွေကိုလည်း လယ်သမားတွေက သိရှိပြီးတော့ ငါတို့သည် ငါတို့ရဲ့ လက်ရှိလုပ်ကိုင်နေတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို နောက်အတည်ပြုထားတဲ့ဥပဒေအရ အကျိုးခံစားခွင့်များရရှိရေးအတွက် မှတ်ပုံတင်ရမှာပါလား။ မှတ်ပုံတင်မှသာလျှင် ငါတို့ရဲ့ လယ်ယာမြေအကျိုးခံစားခွင့်ဖြစ်တဲ့ ပုဒ်မ ၉ မှာ ဖော်ပြထားတဲ့ ရောင်းခြင်း၊ ပေါင်ခြင်း၊ လွှဲပြောင်းခြင်းစသည်ဖြင့် ပုဒ်မ ၁၃ မှာ ဖော်ပြထားတဲ့ ပြဿနာဖြစ်ရင် ရှင်းလင်းပိုင်ခွင့်၊ ပုဒ်မ ၂၆ မှာ ဖော်ပြထားတဲ့ နစ်နာကြေးများရပိုင်ခွင့်စတဲ့ ပိုင်ခွင့်တွေ ရမှာပါလားဆိုတာ အသိရှိဖို့လိုပါတယ်။ ဒါတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက အသိပေးစည်းရုံးဆော်ဩပြောဆိုသင့်မယ်လို့ ကျွန်တော့်အနေနဲ့ ခံယူပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာမြေမှတ်ပုံတင်တဲ့၊ မှတ်ပုံတင်ခွင့်ပြုတဲ့ အချိန်ကာလအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေမှတ်ပုံတင်ခြင်း မကျန်ရစ်အောင် ကျွန်တော်တို့ ဆောင်ရွက်သင့်တယ်လို့ မြင်တဲ့အတွက် အောက်ပါမေးခွန်း ၂ ခုကို မေးမြန်းလိုပါတယ်။ (၁) ကတော့ ပြဋ္ဌာန်းပြီးတဲ့ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများအရ တောင်သူလယ်သမားများက မိမိတို့လက်ရှိလယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အခမဲ့လျှောက်လွှာပုံစံ ၁ ကို ရယူလျှောက်

ထားကြရန်လိုကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးကို အဆောတလျင် အသိပေးနှိုးဆော်မည့် အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ။ (၂) ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူများအား လယ်ယာမြေမှတ်ပုံတင် လျှောက်ထားနိုင်ရေးကို မည်သို့ဆက်လက်စီမံဆောင်ရွက်ပေးသွားမည့် အစီအမံများချမှတ်ထားခြင်းရှိ၊ မရှိတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်သွင်း အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့မေးခွန်းကို ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မေးမြန်းထားချက်အရ ပြဋ္ဌာန်းပြီးတဲ့ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အခမဲ့လျှောက်လွှာပုံစံ(၁) ကို ရယူလျှောက်ထား ကြရန်လိုကြောင်း သိရှိရေးကို အသိပေးနှိုးဆော်မည့်အစီအစဉ်များနှင့် လယ်ယာမြေမှတ်ပုံတင် လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူလယ်သမားများအား လယ်ယာမြေမှတ်ပုံတင်လျှောက်ထား နိုင်ရေးကို မည်သို့ဆက်လက်စီမံဆောင်ရွက်ပေးသွားမည်နည်းဆိုသောမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁)အဖြစ် အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သည့် လယ်ယာမြေဥပဒေများအား ၃၀-၃-၂၀၁၂ ရက်နေ့ထုတ် သတင်းစာများတွင် ထည့်သွင်း ဖော်ပြထားခဲ့သည့်အပြင် တောင်သူလယ်သမားများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် လယ်ယာမြေဥပဒေစာအုပ်ပေါင်း ၂၈၀၀၀ ကျော်ကိုပုံနှိပ်၍ ရပ်ကွက်ကျေးရွာအုပ်စုများသို့ ဖြန့်ဝေပေး ခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေအရ ရေးဆွဲပြဋ္ဌာန်းအတည်ပြုပြီးဖြစ်သည့် လယ်ယာမြေ နည်းဥပဒေများ၊ စာအုပ်များကိုလည်း လက်တွေ့လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု များအားလုံးတွင် ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်ဒေသတောင်သူလယ်သမားများအားလုံး

ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေး ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေး အတွက် သိရှိထားသင့်သော အကြောင်းအရာများ လက်ကမ်းစာစောင် အစောင် ၁၀၀၀၀၀ ကို ခရိုင်၊ မြို့နယ်များအားလုံးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှတစ်ဆင့် ဖြန့်ဝေအသိပေးဆောင်ရွက်ခဲ့ပါ တယ်။

သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှတစ်ဆင့် ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာသင်ပုန်းကပ်ထားခြင်း၊ အသံချဲ့စက်ဖြင့် လှုံ့ဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ထားရှိပြီး၊ တောင်သူလယ်သမား များ သားစဉ်မြေးဆက်အဆက်ဆက် ဘဝအာမခံချက်ရရှိဖို့ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ကြစို့ ဆိုသော လှုံ့ဆော်ရေးပို့စတာစိုက်ထူခြင်း၊ ကွင်းအလိုက် တောင်သူများစုစည်း၍ အသိပညာပေးခြင်း နှင့် လျှောက်လွှာပုံစံများဖြည့်သွင်းရေးသားရာတွင် အမှားအယွင်းမရှိစေရန် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာ မြေကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာများအား ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ပုံနှိပ်ပေးပြီး ၁-၁-၂၀၁၃ ရက်နေ့ မှစ၍ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် တောင်သူလယ်သမားများအား အခမဲ့ ဖြန့်ဝေပေးလျက်ရှိပြီး ၁၂-၃-၂၀၁၃ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် တောင်သူလယ်သမားများ လက်ဝယ်အရောက် လျှောက်လွှာပေါင်း ၆.၈၉ သန်းဖြန့်ဝေပေးခဲ့ပြီးဖြစ်၍ ဆက်လက်ဖြန့်ဝေ လျှောက်ထားနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လွယ်ကူလျှင်မြန် ချောမောစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များအား စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ တောင်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရေးအတွက် မြန်မာ့

ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှလည်း ထပ်မံနှိုးဆော်နိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေမှတ်ပုံတင် လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူလယ်သမားများအား လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေးအတွက် ၂၆-၂-၂၀၁၃ ရက်နေ့ထုတ်သတင်းစာနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှတစ်ဆင့် တောင်သူလယ်သမားအားလုံးအတွက် လယ်ယာမြေပိုင်ဆိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရာနှုန်းပြည့်ပြီးစီးသည်အထိ ၂၀၁၃-၂၀၁၄ တစ်နှစ်တာကာလပတ်လုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ရွာအလိုက် တောင်သူလယ်သမားများအား စုစည်း၍ လှည့်လည်ကွင်းဆင်းဟောပြောခြင်း၊ နှိုးဆော်သတိပေးခြင်းတို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထို့အပြင် အမွေကြောင်းအရ ပေါ်ပေါက်လာနိုင်သည့် ကိစ္စများအပါ အဝင်အငြင်းပွားမှုများကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရန် ကျန်ရှိပါကလည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ အချိန်နှင့်တစ်ပြေးညီစိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စွာဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် ပါဝင်သောသက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့်ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တို့မှ မြေပြင်တွင်အမှန်တကယ် တရားဝင်လုပ်ကိုင်လျက်ရှိနေသော တောင်သူလယ်သမားများ၏ ဦးပိုင်လုပ်ကွက်များအားလုံး လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးသွားနိုင် မည်ဖြစ်ပြီးဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မျက်ခြေမပြတ် အစဉ်တစိုက်ပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ကွပ်ကဲဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်ရဲ့ မေးမြန်းတဲ့မေးခွန်းဟာကျွန်တော်တို့နိုင်ငံမှာ အများစုဖြစ်ကြတဲ့ တောင်သူလယ်သမားများအတွက် သိသင့်သိထိုက်တဲ့ မေးခွန်း

ဖြစ်ပြီးတော့ လက်တွေ့ဆောင်ရွက်ဖို့လည်းလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းနှင့်အဖြေကို သက်ဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်ပေးမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ ရောက်ရှိနေကြတဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာလည်း ကိုယ့်နယ်မြေမှာကိုယ် အခု ဦးသောင်းဟန်မေးတဲ့မေးခွန်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကဖြေတဲ့အဖြေကို ကိုယ့်နယ်မြေမှာအားလုံးအောက်ခြေထိရောက်အောင် ရှင်းပြဖို့နဲ့ တောင်သူလယ်သမားများ နစ်နာမှု မရှိစေရေးအတွက်လည်း စနစ်တကျ မှတ်ပုံတင်နိုင်ရေးနဲ့ မှတ်ပုံတင်တဲ့အခါမှာလည်း မှန်မှန်ကန်ကန် ဖြစ်ရေးအတွက်လည်း ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့လည်း လိုမှာဖြစ်ပါတယ်။ ဒီလိုမှ မလုပ်နိုင်ဘူးဆိုလို့ ရှိရင် ပေးကားပေး၏မရ။ လယ်သမားများဘဝဟာ နစ်နာသွားနိုင်တဲ့အတွက် ဒီမေးခွန်းမေးပေးတဲ့ ဦးသောင်းဟန် သက်ဆိုင်ရာဝန်ကြီးဌာနဖြေကြားပေးတဲ့ ဖြေကြားမှုများကိုလည်း နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းပြီး ဒီထည့်သွင်းချက်နှင့်အညီ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ကြောင်း လွှတ်တော်ကိုတင်ပြချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့သော ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို ၂၇-၂-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကိုလည်း တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ယခုစတင်ဆွေးနွေး ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများကို ပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထားရယူဆုံးဖြတ် အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ၂၀၁၂ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက်များကို ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာ တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားမှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အတွက် ကော်မတီရဲ့ကိုယ်စား ကျွန်တော် ဦးစိုးရယ် ကော်မတီဝင်က တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များကို အပိုင်းနှစ်ပိုင်းခွဲပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၁ မှ ၉ အထိ ပြင်ဆင်ချက်ပေါင်း ၃၆ ချက်အနက်မှ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း

ကော်မတီက သဘောတူထားတဲ့ ပြင်ဆင်ချက် ၂၀ ချက်အနက် ဒုတိယပိုင်းအနေဖြင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြသွားတဲ့အချက် ၁၀ ချက်တို့ကို တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံခဲ့တဲ့ အချက် ၂၀ ချက်မှာ ပြင်ဆင်ချက်ဇယား စာမျက်နှာ(၁) ဥပဒေခေါင်းစဉ် စာမျက်နှာ ၁ အမှတ်စဉ် ၂ အခန်း(၁) အခန်းခေါင်းစဉ်၊ အမှတ်စဉ် ၃ အခန်း(၁) အပိုဒ် ၁ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၄ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)(င)၊ စာမျက်နှာ ၂ အမှတ်စဉ် ၈ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ စာမျက်နှာ ၂ အမှတ်စဉ် ၉ အခန်း(၂)အပိုဒ် ၃၊ အမှတ်စဉ် ၁၀ အခန်း(၂) အပိုဒ် ၄၊ စာမျက်နှာ ၃ အမှတ်စဉ် ၁၁ အခန်း(၃)အပိုဒ် ၅၊ အမှတ်စဉ် ၁၂ အခန်း(၃) အပိုဒ် ၆၊ အမှတ်စဉ် ၁၃ အခန်း(၃) အပိုဒ် ၇၊ အမှတ်စဉ် ၁၄ အခန်း(၃) အပိုဒ် ၈ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၅ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၅ အမှတ်စဉ် ၂၀ အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)၊ အမှတ်စဉ် ၂၂ အခန်း(၄) အပိုဒ် ၁၃၊ စာမျက်နှာ ၆ အမှတ်စဉ် ၂၃ အခန်း(၄) အပိုဒ် ၁၄၊ အမှတ်စဉ် ၂၅ အခန်း(၄) အပိုဒ် ၁၅၊ အမှတ်စဉ် ၂၆ အခန်း(၄) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၇ အခန်း(၅) အပိုဒ် ၁၄ ၊ ၁၅၊ စာမျက်နှာ ၈ အမှတ်စဉ် ၃၂ အခန်း(၆) အပိုဒ် ၁၉၊ အမှတ်စဉ် ၃၄ အခန်း(၆) အပိုဒ် ၂၁၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၆ အခန်း(၇) အပိုဒ် ၂၅ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ရန်အချက် ၃၆ ချက်ရှိတဲ့အနက်မှ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း ၂၀ ချက်ကို ဥပဒေကြမ်းကော်မတီမှ သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ အချက် ၂၀ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ရန်အချက် ၃၆

ချက်ရှိသည့်အနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၂၁ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် ဒုတိယပိုင်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းပြင်ဆင်ချက်ဇယားမှ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်တင်ပြချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြချက် ၁၀ ချက်မှာ စာမျက်နှာ ၄ အမှတ်စဉ် ၁၆ အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၄ မှာပဲ အမှတ်စဉ် ၁၇ အခန်း(၄) အပိုဒ် ၁၀၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၈ အခန်း(၄) အပိုဒ် ၁၂၊ အမှတ်စဉ် ၂၀ မှာ အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)။

**ဥက္ကဋ္ဌ**။ ။ ဒါက အသစ်ဖြည့်စွက်ခြင်း။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ပြန်ဖတ်ပါ။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၀ မှာ အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၈ အခန်း(၅) အပိုဒ် ၁၆ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၂၉ အခန်း(၅) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၈ အမှတ်စဉ် ၃၀ အခန်း(၅) အပိုဒ် ၁၇၊ အမှတ်စဉ် ၃၁ အခန်း(၅) အပိုဒ် ၁၈၊ အမှတ်စဉ် ၃၃ အခန်း(၆) အပိုဒ် ၂၀၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၅ အခန်း(၇) အပိုဒ် ၂၄ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် ၁၀ ချက် ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၁၀ ချက် မှန်ပါတယ်။ လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၁၀ ချက်အား ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ရန်အချက် ၁၀ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းကြသော လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဝင်း လှိုင်သာယာမဲဆန္ဒနယ်၊ ဦးအောင်စိန် မာန်အောင်မဲဆန္ဒနယ်နှင့် ဒေါက်တာစိုင်းကျော်အုန်း နမ့်ခမ်းမဲဆန္ဒနယ်တို့က ပြင်ဆင်ချက် ၅ ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက် ပါမယ်။ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(စ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းအား ဖိတ်ခေါ် ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထား သည့် ပထမအပိုဒ်တစ်ခုအား ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပထမအပိုဒ်ခွဲတစ်ခု ဖြစ်သည့် စာမျက်နှာ ၁ စဉ် ၅ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(စ)တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့် စာရင်းကောက်သူဟူသည့် စာသားအစား သူ ဟူသော စာလုံးကို ဖြုတ်ပြီး မူလပြဋ္ဌာန်းချက်အတိုင်း စာရင်းကောက်ဟု ပြင်ဆင်ထားရှိပါတယ်။ ပြင်ဆင်ရသည့် ကြိုးကြောင်းဖော်ပြချက်မှာ စာရင်းကောက်သူဟူသော စာသားမှာ ဖတ်ရှုရာတွင် ချောမွေ့ပြေပြစ်မှု မရှိဘဲ သူ ဟူသော စာလုံးကြောင့် စာသားထောက်နေပြီး စာရင်းကောက်ဟူသော စာသားမှာ ဖတ်ရှုရာတွင် ပြေပြစ်ချောမွေ့မှုရှိသည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ယခင်သန်းခေါင်စာရင်း ကောက်ယူသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းဆောင်ရွက်သူများအား ခေါ်ဝေါ် သုံးစွဲသည့် စကားရပ်အသုံးအနှုန်းဖြစ်သည့်အပြင် ဆရာဝန်ကို ဆရာဝန်လုပ်သူဟု သုံးနှုန်းခေါ်ဝေါ်မှု

မရှိသဖြင့် သူ ဟူသော စကားလုံးကို ဖြုတ်ပြီး စာရင်းကောက်ဟု ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ တစ်ခါ ယင်းစာမျက်နှာ ၂ တွင် အပိုဒ်ခွဲ(စ)၌ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်စာပိုဒ်၏ အောက်ဆုံးစာကြောင်းမှရေတွက်လျှင် ၄ ကြောင်းမြောက်တွင် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်များ ကိုယ်တိုင်ဟူသော စာကြောင်းတွင် သို့မဟုတ်ဟူသော စာသား၏ နောက် အိမ်ထောင်စုဝင်များဟူသော စာသား၏ရှေ့၌ အိမ်ထောင်စု၏ တာဝန်ရှိသူဟူသော စာသားကို ဖြည့်စွက်ထည့်သွင်းပြင်ဆင်ပါတယ်။ ဖြည့်စွက်ထည့်သွင်းပြင်ဆင်ရတဲ့ ကျိုးကြောင်းဖော်ပြချက် ကတော့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ဖြစ်သည့် စာမျက်နှာ ၅ စဉ် ၂၁ အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)တွင် မေးခွန်းကို ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်ဖြစ်ရမည်ဟု သုံးနှုန်းရေးသားထားရှိပါတယ်။ အဲ့ဒီစာပိုဒ်မှာကြည့်ရင် မေးခွန်းကို နှုတ်ဖြင့် ဖြေဆိုရသည်ကိုပင် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်ဖြစ်ရန် လိုအပ်သဖြင့် ယခု စာမျက်နှာ ၂ ပါ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (စ)တွင် အဖြေများကို စာဖြင့် ရေးသွင်းရမှာ ဖြစ်တဲ့အတွက် အိမ်ထောင်စု၏ တာဝန်ရှိသူဟူသောစာသားကို ဖြည့်စွက်ထည့်သွင်း ပြင်ဆင်ရသည့်အပြင် အိမ်ထောင်စုဝင်များထဲတွင် အသက် ၅ နှစ်အောက် အိမ်ထောင်စုဝင် ကလေး သူငယ်များ ပါရှိနေခဲ့လျှင် ၎င်းတို့အနေဖြင့် အဖြေများကို စာဖြင့်ရေးသွင်းရန် အခက်အခဲရှိမည် ဖြစ်သဖြင့် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်များဟု ဖြည့်စွက်ထည့်သွင်းပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ အပိုဒ်ခွဲ(စ)တွင် မူလပြဋ္ဌာန်းချက် စာပိုဒ်၏ အောက်ဆုံးစာကြောင်းမှ ရေတွက်လျှင် ၃ ကြောင်းမြောက်တွင် အဆိုပါပုံစံဟူသော စာသားအစား စာသားကျုံ့သွားစေရန် ယင်းပုံစံဟူသော စာသားဖြင့် ပြောင်းလဲပြင်ဆင်ထားခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ပြင်ဆင်အဆိုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြထားတာက စာရင်းစစ်ဆိုတဲ့ဟာကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်၊ ကြီးကြပ်စစ်ဆေးသူဆိုတဲ့ ပြန်ပြီးတော့ စာရင်းစစ်ကို စာရင်းစစ်ဆိုတာ သန်းခေါင်စာရင်းကောက်ယူရာမှာ သတ်မှတ်ထားသော ဒေသအတွင်း စာရင်းကောက်များကို ကြီးကြပ်စစ်ဆေးသူဆိုတာ သူ့အနေနဲ့ ပြည့်စုံပြီဖြစ်တဲ့အတွက်ကြောင့် နဂိုမူလ ပြဋ္ဌာန်းထားတဲ့အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်ပြီးတော့ တင်ပြပေးပါ။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ဒုတိယအချက် အပိုဒ်ခွဲ(ဈ) က ဝန်ကြီးဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်ဆိုတာကို အမျိုးသားလွှတ်တော်က ပြင်ဆင်ပြီးတော့ ပယ်ဖျက်ထားပါတယ်။ ဒါပယ်ဖျက်လို့ မရပါဘူးခင်ဗျား။ တာဝန်အရှိဆုံးပုဂ္ဂိုလ်က ဝန်ကြီးပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် အဓိကတာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးကို ပယ်ဖျက်၍ မရတဲ့အတွက်ကြောင့် မူလပြဋ္ဌာန်းထားတဲ့အတိုင်း ဝန်ကြီးဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်ဆိုတာကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ နောက်ဆက်ပြီးတော့ အပိုဒ်ခွဲ(ည) အဲ့ဒါကိုလည်း ပယ်ဖျက်ထားတယ်ဆိုတာ တာဝန်အရှိဆုံးအဖွဲ့အစည်းဆိုတာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနကို ဆိုပါတယ်။ ဒီမှာ အရင်တုန်းကတော့ ပြည်သူ့အင်အားဦးစီးဌာနက အမှန်မှာ သန်းခေါင်စာရင်းဌာနခွဲ ဖြစ်ပါတယ်။ ဝန်ကြီးဌာနဖြစ်လာတဲ့အခါကျမှ သူ့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဲ့ဒီမှာမှ ဦးစီးဌာနအနေနဲ့ ပြည်သူ့အင်အားဦးစီးဌာနဟာ တာဝန်အရှိဆုံးဌာနဖြစ်လာတဲ့အတွက်ကြောင့် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ဆက်လက်ပြီးတော့ တင်ပြအပ်ပါတယ်။ ဒီမှာ ဖော်ပြထားတာကိုက မှားနေတာရှိပါတယ်။ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းဆိုပြီးတော့ ပါပါတယ်။ အဲ့ဒါမဟုတ်ပါဘူးခင်ဗျား။

လက်နှိပ်စက်ရိုက်တာ မှားသွားတဲ့အတွက်ကြောင့် ဒီဟာလေးပယ်ဖျက်၍ မရကြောင်း မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးအောင်စိန်ခင်ဗျား။ ပထမပြင်ဆင်ချက် ၂ ခု တွေ့ပါတယ်။ နောက် တတိယ ပြောတဲ့ပြင်ဆင်ချက်မတွေ့ပါဘူး။ စာမျက်နှာ၊ အမှတ်စဉ် ဖော်ပြပေးပါ။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)။** ။ စာမျက်နှာ ၂ ပါခင်ဗျား။ အမှတ်စဉ် ၈ အပိုဒ်ခွဲ (ည)။

**ဥက္ကဋ္ဌ။** ။ တွေ့ပါပြီ။ ဒီမှာက ဥပဒေကြမ်းကော်မတီကပဲ တင်ပြထားတာရှိပါတယ်။ ကဲဒါကြောင့် နောက်ထပ်တင်ပြတဲ့ တတိယအပိုဒ် မပါ အမှတ်စဉ် ၆ နှင့် အမှတ်စဉ် ၇ ကို ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပါသလား။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်မှ ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်က တင်ပြတဲ့ပြင်ဆင်ချက် ၂ ခု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအောင်စိန် ထပ်မံတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)။** ။ အမှတ်စဉ် ၈ အပိုဒ်ခွဲ(ည) တာဝန်ရှိသည့်အဖွဲ့အစည်းဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနကိုဆိုသည်ဆိုတာကို ပယ်ဖျက်၍ မရပါခင်ဗျား။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူ့အင်အားဦးစီးဌာနသည် သန်းခေါင်စာရင်းဌာနခွဲ အရင်တုန်းက ဖြစ်ခဲ့ပါတယ်။ အဲ့ဒါ အခု ဝန်ကြီးဌာနဖြစ်လာတဲ့ အခါမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဆိုပြီးတော့မှ ပြည်သူ့အင်အားဦးစီးဌာနက အဓိကလုပ်ဆောင်ရမယ့်သန်းခေါင်စာရင်းဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့အင်အားဦးစီးဌာနက

တာဝန်အရှိဆုံးအဖွဲ့အစည်းဖြစ်တဲ့အတွက် နဂိုမူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အခု ဦးအောင်စိန် တင်ပြတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆိုတာကိုပယ်ဖျက်ပြီးတော့ မူလဝန်ကြီးဌာနက ပြဋ္ဌာန်းထားတဲ့ တာဝန်ရှိသည့် အဖွဲ့အစည်းဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနကိုဆိုလိုသည်ဆိုတဲ့ဟာကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူတယ်။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ စာမျက်နှာ ၃ က အမှတ်စဉ် ၁၄ မှာ ပြည်သူ့အင်အားဦးစီးဌာနကဆိုတဲ့အချက်များကို အဓိကတာဝန်ရှိတယ်ဆိုတာကို ဖြည့်ထားပါတယ်။ ဥပဒေတစ်ခုလုံးမှာ တာဝန်ရှိသည့် အဖွဲ့အစည်းဆိုတဲ့ Definition ကို ရှေ့မှာဖွင့်ထားသော်လည်း အသုံးပြုတဲ့နေရာက နောက်ပိုင်းတစ်နေရာ မှာပဲ ရှိပါတယ်။ ရှိတဲ့အတွက် နောက်ပိုင်းတစ်နေရာမှာပဲ တိုက်ရိုက် ပြည်သူ့အင်အားဦးစီးဌာနကို ဖော်ညွှန်းပြီးတော့ ရှေ့ Definition ကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ ဥပဒေရဲ့ အဓိကအနှစ်သာရကို ပယ်ဖျက်ခြင်း မဟုတ်ပါဘူး။ နောက်ကို စာသားရွှေ့လိုက်တဲ့သဘောထားဖြစ်ပါတယ်။ သို့သော်လည်း ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိသည့် အဖွဲ့အစည်းဆိုတဲ့ Definition ကို ရှေ့မှာ ပြန်ထည့်မယ်ဆိုရင်လည်း ပိုမိုပြည့်စုံတဲ့အတွက် သဘောတူလက်ခံနိုင်ကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးအောင်စိန် ပြင်ဆင်အဆိုပြုချက်ကို အစိုးရကိုယ်စားလှယ်ကလည်း သဘောတူတယ်။ ဥပဒေကြမ်းကော်မတီကလည်း ကန့်ကွက်ရန်မရှိဘူးဆိုတဲ့သဘောသက်ရောက်တဲ့ဟာ တင်ပြပါတယ်။ ဒါကြောင့် လွှတ်တော်က ဦးအောင်စိန် တင်ပြအဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် စာမျက်နှာ ၂ အမှတ်စဉ် ၈ ဦးအောင်စိန် တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်က တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးညာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၅ စဉ် ၁၉ အခန်း (၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)တွင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ထားသည့် စာရင်းကောက်သူဟူသောစာသားကို အထက်တွင်တင်ပြခဲ့သည့် စာမျက်နှာ ၁ စဉ် ၅ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (စ)တွင် ကျိုးကြောင်းဖော်ပြရှင်းလင်းတင်ပြပြီးခဲ့သည့်အတိုင်း သူဟူသော စာလုံးကိုဖြုတ်ပြီး စာရင်းကောက်ဟူသော မူလပြဋ္ဌာန်းချက်ပါစာသားအတိုင်းထားရှိပြင်ဆင်ပါတယ်။ တစ်ခါယင်းအပိုဒ်ခွဲ (ခ)ပါစာပိုဒ်၏ အောက်ဆုံးစာကြောင်းမှ ရေတွက်လျှင် ၅ ကြောင်းမြောက်တွင် မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုရန်နှင့်ဟူသောစာကြောင်းတွင် မေးခွန်းများကို ဟူသောစာသားအားဖြုတ်၍ ပြင်ဆင်ပါတယ်။ ပြင်ဆင်ရသည့်အကျိုးအကြောင်းဖော်ပြချက်မှာ ဖြုတ်လိုက်သည့်စာသားဖြစ်သော မေးခွန်းများကိုဟူသောစာသားရှေ့တွင် မေးခွန်းမေးမြန်းခြင်းခံရသူသည်ဟူသော စာသားပါရှိပြီး ဖြစ်နေသည့်အတွက် မေးခွန်းများကိုဟူသည့်စာသားအား ထပ်ထည့်စရာမလိုတော့ပါဘူး။ ထပ်ထည့်လျှင် စာသား ၂ ခါ ထပ်ဖြစ်နေမည်ဖြစ်သဖြင့် မေးခွန်းများကိုဟူသောစာသားအား ဖြုတ်၍ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ဎင်းနည်းတူ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ဖြစ်သည့် အပိုဒ်ခွဲ(ခ)ပါ စာပိုဒ်၏ အောက်ဆုံးစာကြောင်းမှ ရေတွက်လျှင် ၄ ကြောင်းမြောက်တွင် ဖြေဆိုသူ၏ ဖြေကြားချက်များကိုသာဟူသောစာကြောင်းတွင် ဖြေဆိုသူ၏ဟူသော စာသားနှင့် သာ ဟူသော စာလုံးအား ဖြုတ်၍ ပြင်ဆင်ပါတယ်။ ပြင်ဆင်ရသည့်အကျိုးအကြောင်းဖော်ပြချက်ကတော့ ဖြုတ်လိုက်သည့် ဖြေဆိုသူ၏ဟူသော စာသားနောက်တွင် ဖြေကြားချက်များကိုဟူသော စာသားပါရှိပြီး ဖြစ်သည့်အတွက် ဖြေဆိုသူ၏ စာသားကို ထပ်ထည့်စရာမလိုတော့ပါဘူး။ ဖြေဆိုသူ၏ ဟူသော စာသားထပ်ထည့်လျှင် ဖြေဆိုသူ၏ ဖြေကြားချက်များဟု စာသား ၂ ခါထပ်နေမည်ဖြစ်သည့်အပြင် သာ ဟူသော စာလုံးမှာလည်း လုံးပိုဖြစ်နေသည့်အတွက် ဖြေဆိုသူ၏ဟူသော စာသားနှင့် သာ ဟူသောစာလုံးတို့ကို ဖြုတ်၍ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်၏ ပြင်ဆင်သည့်စာပိုဒ်အား ဖတ်ကြားတင်ပြရလျှင် စာရင်းကောက်က သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများ မေးမြန်းခြင်းနှင့် သတ်မှတ်ထားသော စာရင်းပုံစံများတွင် ဖြည့်သွင်းစေခြင်းများ ဆောင်ရွက်ရာ၌ မေးခွန်းမေးမြန်းခြင်းခံရသူသည် မှန်ကန်စွာဖြေဆိုရန်နှင့် ဖြေကြားချက်များကို စာရင်းပုံစံများတွင် မှန်ကန်စွာဖြည့်သွင်းရန် တာဝန်ရှိသည်ဟူ၍ ဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်၏ ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ်မှ သဘောတူပါသလား။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်း စာမျက်နှာ ၆ အမှတ်စဉ် ၂၄ အခန်း (၄) အပိုဒ် ၁၅ မူလပြဋ္ဌာန်းချက် စာကြောင်းရေ ၂ မှာ စာရင်းစစ်ဆိုတဲ့နေရာမှာ များဆိုတဲ့ စာလုံး ဖြည့်စွက်ပါတယ်။ စာကြောင်းရေ ၃ စာရင်းကောက်များ ခန့်အပ်တာဝန်ပေးရာတွင် အဲ့ဒီနေရာမှာ စာရင်းကောက်များကိုဆိုတဲ့ စာလုံးဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဖြည့်စွက်ခြင်းအကြောင်းကတော့ မြန်မာသဒ္ဒါနည်းကျစေဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်ကတော့ ဗဟိုသန်းခေါင်စာရင်းကောက်ကော်မရှင်က သန်းခေါင်စာရင်းကောက်ယူရန် အလို့ငှာ စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အောက်ပါပုဂ္ဂိုလ်များနှင့်ညှိနှိုင်း၍ စာရင်းစစ်များနှင့်စာရင်းကောက်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်ဆိုတဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီမှ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ်မှ သဘောတူပါသလား။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်မှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့ အတွက် ဒေါက်တာစိုင်းကျော်အုန်း ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို လည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၇) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက် (သောကြာနေ့) ၁၁း၄၅ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၁၂း၃၀ နာရီအချိန်တွင်ရပ်နားပါသည်။**]**